# ၂၀၁၉ ခုနှစ်၊ မေလ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ မေလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၃၈၈ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၂၈ ဦးအကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၄၂ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၁၈ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ- Eleven
၂၀၁၉ ခုနှစ်၊ မေလ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ    တွစ်တာစာမျက်နှာ    လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

**နိုင်ငံရေးအကျဉ်းသားများ ........................................................................................ 3**

ဖမ်းဆီးခံရခြင်းများ ........................................................................................ 3

ပျောက်ဆုံးသွားခြင်းများ........................................................................................ 4

တရားစွဲဆိုခံရခြင်းများ ........................................................................................ 4

တရားရင်ဆိုင်ရခြင်းများ ........................................................................................ 8

ထောင်ဒဏ်ချမှတ်ခံရခြင်းများ........................................................................................ 8

ထောင်တွင်းအခြေအနေများ ........................................................................................ 9

ထောင်မှလွတ်မြောက်မှုများ ........................................................................................ 9

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ ..................10**

လယ်ယာမြေအငြင်းပွားမှုများ ........................................................................................16

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links........................................................................18

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

### တပ်မတော်နှင့် မြေယာအငြင်းပွားမှုဖြစ်နေသည့် တောင်သူ အမျိုးသမီး နှစ်ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီး

မေလ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာရဲစခန်းမှ တောင်သူ နှစ်ဦးဖြစ်သော မရီစိုးနှင့် မသီတာအေးတို့ကို သာမန်နာကျင်စေမှုပုဒ်မဖြင့် ဖမ်းဆီး၊ အမှုဖွင့်ခဲ့ သည်။ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာအုပ်စု၊ ဝါးနက်ကျေးရွာ၊ မင်းတည်းကွင်းအတွင်းတွင် အမှတ် ၁၂၁ ထောက်/ပို့တပ်မှ နို့စားနွားမွေးမြူရေး စီမံကိန်း အတွက်ဟုဆိုကာ မြေယာ ၁၇၃ ဧကကို ဧရိယာ သတ်မှတ်၍ ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှ စတင်ပြီး ခြံစည်းရိုးများ ကာရံခဲ့သည့်အတွက် ဒေသခံတောင်သူများ မှ တားဆီးရာမှ အငြင်းပွားမှု ဖြစ်ပွားခဲ့ခြင်းဖြစ် သည်။ အငြင်းပွား နေသည့် မြေနေရာဖြစ်သည့်အတွက် ခြံစည်းရိုးခတ်ခြင်းကို ရပ်တန့်ထားရန် ဒေသခံတောင်သူ များမှ ဆွေးနွေးပွဲတွင် တောင်းဆိုခဲ့ကြသော်လည်း တပ်ဘက်မှ လိုက်နာခြင်းမရှိဘဲ ခြံစည်းရိုးခတ်ရန် ဆက်လက်လုပ်ဆောင်ခဲ့ခြင်းကြောင့် တားဆီးရာမှ ဖမ်းဆီး ခံရခြင်းဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဥက္ကဌ ဦးခင်မောင်မြင့်မှ ပြောကြားခဲ့သည်။

### ကျောက်တော်မြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးကို ဖမ်းဆီး

မေလ ၁၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များမှ ရက္ခိုင့်တပ်မတော်(AA) နှင့်ဆက်နွယ်မှု ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွှေပြည်ကျေးရွာမှ အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးအောင်ကို ဖမ်းဆီးခဲ့သည်။ ဦးသိန်းစိုးအောင် သည် ၎င်း၏နေအိမ်ပေါ်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဓာတ်ပုံရိုက်ယူနေခြင်းကို တွေ့ရှိခဲ့ရခြင်းကြောင့် ၎င်း၏ ဖုန်းကို စစ်ဆေးခဲ့ရာ AA နှင့်ပတ်သက် ဆက်နွယ် နေသည့်ပုံများကို ဖုန်းအတွင်း၌ တွေ့ရှိရသည့်အတွက် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ဦးသိန်းစိုးအောင်ကို တပ်မတော်မှ ထိန်းသိမ်းစစ်ဆေးလျှက်ရှိပြီး မကြာမီ ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းအပ်နံသွား မည်ဖြစ်ကြောင်းနှင့် ဦးသိန်းစိုးအောင်မှ ၎င်းသည် AA အဖွဲ့နှင့် ပတ်သက်မှုရှိသည်ဟု ထွက်ဆိုထားခြင်း မရှိသေးကြောင်း တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပြောကြားခဲ့ သည်။

### ဂေါသာလီကျေးရွာအနီး တိုက်ပွဲဖြစ်ပွားပြီးနောက် အရပ်သား နှစ်ဦး ဖမ်းဆီးခြင်းခံရ

မေလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဂေါသာလီရွာအနီး ရန်ကုန်-စစ်တွေ လမ် းမကြီး၌ တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်(AA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်မှ ဝေသာလီ ကျေးရွာ သား လေးဦးဖြစ်သော ကိုအောင်ကျော်နိုင်(ခ)လုံးယေ၊ ကိုစိုးစိုးအောင်၊ ကိုကျော်လှသိန်းနှင့် ကိုဇော်ဝင်းဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ကိုကျော်လှသိန်းနှင့် ကိုဇော်ဝင်းဦးတို့ကို ပြန်လည် လွှတ်ပေးခဲ့သော်လည်း ကိုအောင်ကျော်နိုင်(ခ)လုံးယေ နှင့် ကိုစိုးစိုးအောင်တို့ကိုမူ ဆက်လက် ထိန်းသိမ်းထားဆဲ ဖြစ်သည်။ ကိုအောင်ကျော်နိုင်(ခ)လုံးယေနှင့် ကိုစိုးစိုးအောင်တို့သည် တိုက်ပွဲဖြစ်ပွားချိန်တွင် လက်နက် ကျည်ထိမှန်မည်ကို စိုးရိမ်သည့်အတွက် ကျေးရွာ သုသာန်အနီးတွင် ပုန်းအောင်းနေခဲ့ကြရာမှ ဖမ်းဆီးခံခဲ့ ရခြင်းဖြစ်သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီး ဗိုလ်မှူးကြီးဝင်းဇော်ဦးမှ လူနှစ်ဦးကို ထိန်းသိမ်း စစ်ဆေးနေသည်မှာ မှန်ကန်ပြီး AAအဖွဲ့နှင့်ပတ်သက်မှု မရှိလျှင် ပြန်လွှတ်ပေးမည်ဟု ပြောကြားခဲ့သည်။

### မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသား တစ်ဦးတို့ ကို စစ်တပ်မှ ဖမ်းဆီး ခေါ်ဆောင်ထား

မေလ ၂၉ ရက်နေ့တွင် တပ်မ ၅၅ နှင့် ၉၉ ပူးပေါင်းတပ်ဖွဲ့မှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းကျော်နှင့် ရွာသားတစ်ဦးဖြစ်သူ ဦးကျန်သိန်းအောင်တို့ကို ခေတ္တခေါ်ဆောင်မည်ဟု ဆိုကာ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ၎င်းတို့ နှစ်ဦးကို ပြန်လည်လွှတ်ပေးခြင်းမရှိဘဲ ဆက်လက် ဖမ်းဆီးထားခဲ့သည်။

### ပျောက်ဆုံးသွားခြင်းများ

**ကျောက်တော် စပါးဆိပ်(သရီ)မှ ရွာသား တစ်ဦး ပျောက်ဆုံး**

မေလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ စပါးဆိပ်(သရီ)ကျေးရွာမှ အသက် ၇၅ အရွယ် ဦးစံချေလှသည် ၎င်း၏ ဥယျာဉ်ကိုသွားရာမှ ယနေ့ထိ ရှာမတွေ့ဘဲ ပျောက်ဆုံးနေသည်ဟု ၎င်း၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။ ဦးစံချေလှ ပျောက်ဆုံးနေသည်ကို ယနေ့ထိ နီးစပ်ရာ ရဲစခန်းတွင် တိုင်ကြားမှု မပြုလုပ်ရသေးဟုလည်း သိရှိရသည်။

### တရားစွဲဆိုခံရခြင်းများ

**စစ်တွေအခြေစိုက် DMG သတင်းဌာနကို အမှုဖွင့်**

မေလ ၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ သတင်းတပ်ဖွဲ့(SB)မှ တရားလိုပြုလုပ်၍ ရခိုင်ပြည်နယ် အခြေစိုက် Development Media Group (DMG) သတင်းဌာနမှ အယ်ဒီတာချုပ်နှင့် အမှုဆောင် ဒါရိုက်တာ ကိုအောင် မင်းဦးနှင့် အခြားတာဝန်ရှိ ပုဂ္ဂိုလ်များကို မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ(၁၇/၂) ဖြင့် စစ်တွေမြို့၊ အမှတ်(၁) ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ တရားစွဲဆိုထားမှုနှင့်ဆက်စပ်၍ မေလ ၅ ရက်နေ့တွင် DMG သတင်းဌာနမှ သတင်းထောက်ချုပ် ကိုနေဝင်းစံနှင့် သတင်းထောက် ကိုသက်နိုင်တို့ကို စစ်တွေမြို့၊ အမှတ်(၁) ရဲစခန်းမှ ခေါ်ယူစစ်ဆေးခဲ့သည်။ သတင်း အထူးတပ်ဖွဲ့မှ အမှုဖွင့်ထားသည့်ကိစ္စကို ကြားဝင်ဖြေရှင်းပေးရန်အတွက် မေလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(MPC)သို့ လည်းကောင်း၊ မေလ ၂၈ ရက်နေ့တွင် ပြန်ကြားရေး ဝန်ကြီး ဒေါက်တာဖေမြင့်သို့ လည်းကောင်း DMG သတင်းဌာနမှ အကူအညီတောင်းခံစာ ပေးပို့ထားသည်။

**လက္ကာကျေးရွာသား ၂၄ ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ဖြင့်အမှုဖွင့်**

မေလ ၁၇ ရက်နေ့တွင် ရက္ခိုင့်တပ်တော်(AA)နှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲ၍ ဖမ်းဆီးထိန်းသိမ်းထားသည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ ရွာသား ၂၄ ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်၍ စစ်တွေမြို့နယ် တရားရုံး၌ ဒုတိယအကြိမ် ရုံးချိန်းယူခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့တွင် တပ်မတော်မှ လက္ကာရွာသား ၂၇ ဦးကို ဖမ်းဆီးခဲ့ပြီး စစ်ဆေး နေစဉ်တွင် သုံးဦးသေဆုံးသွားခဲ့သည်။ မေလ ၁ ရက် နေ့တွင် ကျန်ရှိသည့် ရွာသား ၂၄ ဦးကို တပ်မတော်မှ ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည်။ လက္ကာရွာသားများအား တပ်မတော်မှ ဖမ်းဆီး စစ်ဆေးခဲ့စဉ်တွင် ညှဉ်းပန်း နှိပ်စက်မှုများ ကို ဆိုးဝါးစွာ ခံခဲ့ရကြောင်း ဖမ်းဆီးခံ ရွာသားများမှ တရားရုံးမှအပြန် သတင်းမီဒီယာများကို ပြောကြားခဲ့သည်။ ဖမ်းဆီးခံ ရွာသားတချို့တွင် ညှဉ်းပန်း နှိပ်စက်မှုကြောင့် ဒဏ်ရာများရရှိထားသည့်အတွက် ဆေးကုသမှုခံယူရန် လိုအပ်နေကြောင်း လည်း ၎င်းတို့၏ မိသားစုဝင်များ မှ ပြောကြားခဲ့သည်။

**ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင် ခုနစ်ဦးကို ထပ်မံ တရားစွဲဆို**

သင်္ကြန်ကာလအတွင်း ဖျော်ဖြေခဲ့သည့် သံချပ် စာသားများ သည် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု ဆိုကာ မေလ ၆ ရက်နေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးမှ တရားလိုပြုလုပ်၍ ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင်နှစ်ဦးဖြစ်သော ကိုငြိမ်းချမ်းစိုး(ခ)ချစ်ယုံနှင့် မဆုရတနာမြင့်တို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ဖြင့် ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်လျှောက်ထားကာ တရား စွဲဆိုခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် ၎င်းတို့နှစ်ဦးကို ဗိုလ်တထောင်မြို့နယ် တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့ပြီး အာမခံမပေးဘဲ အင်းစိန် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ သည်။ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးမှ ကိုငြိမ်းချမ်းစိုး(ခ) ချစ်ယုံနှင့် မဆုရတနာမြင့်တို့အပြင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင်များဖြစ်ကြသော ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း၊ ကိုဇော်လင်းထွဋ်(ခ)ဖိုးသားနှင့် မကေခိုင်ထွန်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ဖြင့် ဗိုလ်တထောင်မြို့နယ် တရားရုံး၌ အမှုဖွင့်ထားသည်။ ထို့ပြင် ကိုငြိမ်းချမ်းစိုး(ခ)ချစ်ယုံ၊ မဆုရတနာမြင့်၊ ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း၊ ကိုဇော်လင်းထွဋ်(ခ)ဖိုးသားနှင့် မကေခိုင်ထွန်းတို့ ခုနစ်ဦးလုံးကို ဗိုလ်တစ်ထောင်ရဲစခန်း၌ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့်လည်း အမှုဖွင့်ခဲ့သည်။

ထို့ပြင် ဧပြီလအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်းမြင့်မှ ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း၊ ကိုဇော်လင်းထွဋ်(ခ)ဖိုးသားနှင့် မကေခိုင်ထွန်းတို့ ငါးဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် မရမ်းကုန်း မြို့နယ်ရဲစခန်း၌ အမှုဖွင့်ထား သည်။ ၎င်းပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ

ဒုတိယဗိုလ်မှူးကြီး သက်နိုင်ဝင်းမှ ဒေါင်းတို့ မျိုးဆက် သံချပ်အဖွဲ့မှ သံချပ်အဖွဲ့ဝင် ၂၅ ဦးလုံးကို ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် ပုသိမ်မြို့မရဲစခန်းတွင် ဧပြီလ ၂၁ ရက်နေ့၌ အမှုဖွင့်ခဲ့သည်။

## တပ်မတော်မှ ဖွဲ့အငြိမ့်အဖွဲ့ဝင်ငါးဦးကို တရားစွဲဆို

မတ်လ ၃၁ ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့ စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ထောက်ခံပွဲတွင် ဖျော် ဖြေခဲ့သည့် ဖွဲ့အငြိမ့်အဖွဲ့မှ လူရွှင်တော်များဖြစ်သော ပန်းသီး၊ စိမ်းလန်း၊ အာလူး၊ ဇောက်ထိုးနှင့် ဒိုးပေါက်တို့၏ ပြကွက်တချို့သည် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေဖြင့် ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦးမှ ဇမ္ဗူသီရိမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ ၎င်းတို့ငါးဦးကို တရားစွဲဆိုခဲ့ သည်။ တပ်မတော်၏ ဦးတိုက်လျှောက်ထားမှုကို တရားရုံး မှ လက်ခံခဲ့ပြီး ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၀၂ အရ ရဲတပ်ဖွဲ့ ကို ပြန်လည်စစ်ဆေးပေးရန် ညွှန်ကြားသဖြင့် လူရွှင်တော် များကို စစ်ဆေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြောင်း နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် ၁ ရဲစခန်းမှ ဒုရဲအုပ် ကျော်ဇင်ဝင်းမှ ပြောကြားခဲ့သည်။

## မြေသိမ်းတရားစွဲဆိုခံရမှု နိုင်ငံတော် အတိုင်ပင်ခံထံ တိုင်ကြားသူကို ထပ်မံ တရားစွဲဆို

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မြိတ်လူထုတွေ့ဆုံပွဲခရီးစဉ်တွင် တပ်မတော်၏ မြေသိမ်း တရားစွဲဆို မှုကို တိုင်ကြားခဲ့သည့် မြိတ်မြို့၊ ရွာသစ် ကျေးရွာမှ ကိုမျိုးသူနိုင်ကို ထောက်ပံ့ပို့ဆောင်ရေးတပ် ၉၃၇ မှ ဗိုလ်ကြီး စိုးသင်းနိုင်မှ တရားလိုပြုလုပ်ပြီး ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် ထပ်မံ တရားစွဲဆိုခဲ့သည်။ ထို့ ကြောင့် မေလ ၉ ရက်နေ့မှစတင်၍ ကိုမျိုးသူနိုင်သည် မြိတ်မြို့နယ်တရားရုံးတွင် တရားရင်ဆိုင်နေရသည်။ မြိတ်မြို့၊ ရွာသစ် ကျေးရွာအနီးရှိ ၎င်းပိုင်ဆိုင်သည့် မြေဧက ၁ ဒသမ ၉၂ ဧက ကျယ်ဝန်းသည့် နေအိမ်နှင့် ဝက်မွေးမြူရေးခြံကို ထောက်ပံ့ပို့ ဆောင်ရေးတပ်ရင်း ၉၃၇ မှ ၂၀၁၇ ခုနှစ်တွင် တပ်ပိုင်မြေအဖြစ် ကြေညာခဲ့ပြီး ထိုနေရာမှ ဖယ်ရှားပေးရန် ၎င်းတို့မိသားစုကို တောင်းဆိုခဲ့ သည်။ နေအိမ်ဖယ် ပေးခြင်းမရှိသည့်အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် တပ်မတော်မှ ကိုမျိုးသူနိုင်ကို အကျိုးစီးပွားဖျက်စီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ ကျူးကျော်ဝင်ရောက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ တို့ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုသို့ တပ်မတော်၏ မြေသိမ်း တရားစွဲဆိုမှုကို ကိုမျိုးသူနိုင်မှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ တွင် ပြုလုပ်သော နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မြိတ်လူထုတွေ့ဆုံပွဲတွင် တိုင်ကြားခဲ့သောကြောင့် ထပ်မံတရားစွဲဆို ခံခဲ့ရခြင်းဖြစ် သည်။

## သတင်းထောက်တစ်ဦးအပါအဝင် အောင်သပြေရွာသား ၁၄ ဦးကို အမှုဖွင့်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေး အခြေစိုက် Channel Mandalay TV သတင်းဌာနမှ သတင်းထောက် ကိုအောင်ကြည်မြင့် (ခ) ကိုနန္ဒအပါအဝင် အောင်သပြေ ရွာသား ၁၄ ဦးကို ရဲတပ်ဖွဲ့မှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)၊ ၃၃၃၊ ၄၃၅၊ ၁၁၄ တို့ဖြင့် ပုသိမ်ကြီးမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ပုသိမ်ကြီး မြို့နယ်၊ ဒဟတ်တော ကျေးရွာအုပ်စု၊ အောင်သပြေ ကျေးရွာအနီးရှိ ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေ စက်ရုံ စီမံကိန်းကို ဖျက်သိမ်းပေးရန်နှင့် ဖမ်းဆီးထားသော တောင်သူများကို အမြန်ဆုံး လွှတ်ပေးရန်အတွက် မေလ ၁၄ ရက်နေ့၌ အောင်သပြေကျေးရွာမှ ရွာသူရွာသားများမှ ကျေးရွာ အဝင်လမ်းကို ပိတ်ဆို့၍ ဆန္ဒပြခဲ့ကြသည်။ ဒေသခံများမှ ကျေးရွာ အဝင်လမ်းမမှနေ၍ ပိတ်ဆို့ကာ စီမံကိန်းကားကြီးများ မဝင်ရဟုဆိုပြီး ယာဉ်များ သွားလာ ခြင်းကို ခွင့်မပြုဘဲ တားဆီးမှုများ ပြုလုပ်ခဲ့သည်။ ဆန္ဒပြရာ သို့ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ လာရောက်ခဲ့ပြီး လမ်းပိတ်ဆို့မှု အား ဖယ်ရှားပေးရန် ပြောဆိုရာမှ ဒေသခံများနှင့် တင်းမာမှု ဖြစ်ပေါ်ခဲ့သည်။ မေလ ၁၅ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင် ၁၅၀ ကျော်မှ ဆန္ဒပြနေသည့် ဒေသခံများအား အင်အား သုံး၍ ရာဘာကျည်များ၊ မျက်ရည်ယိုဗုံးများ နှင့် ပစ်ခတ်၍ လူစုခွဲခဲ့သည်။ ထိုသို့ ပစ်ခတ် ဖြိုခွင်းမှုအား တိုက်ရိုက် လွှင့်တင်သည့် မန္တလေး အခြေစိုက် Channel Mandalay TV သတင်းဌာနမှ သတင်းထောက် ကိုနန္ဒနှင့် ဒေသခံ သုံးဦးတို့သည် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့ပြင် ရာဘာ ကျည်ဖြင့် ပစ်ခတ်မှုကြောင့် ရွာသား ၁၈ ဦး ဒဏ်ရာ ရရှိ ခဲ့သည်။ မေလ ၁၅ ရက်နေ့တွင်ပင် ဒေသခံများမှ စီမံကိန်းဝင်းအတွင်းရှိ ကားများနှင့် အဆောက်အအုံများ အား ဝင်ရောက် မီးရှို့ခဲ့ရာ ကား နှစ်စီးနှင့် ဆိုင်ကယ် သုံးစီး မီးလောင်ခဲ့သည့်ပြင် အခြား ပျက်စီး ဆုံးရှုံးမှုများလည်း ရှိခဲ့သည်။ မေလ ၁၆ ရက်နေ့တွင် အောင်သပြေရွာသား နှစ်ဦးကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဆွေးနွေးစရာ ရှိသည်ဟုဆို၍ ခေါ်ဆောင်ကာ ပုသိမ်ကြီး မြို့နယ်ရဲစခန်း

၌ ဖမ်းဆီးခဲ့ပြီး မေလ ၂၄ ရက်နေ့တွင် နဝမတန်း ကျောင်းသား မောင်တူးဝေယံကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခြင်းခံထားရသည့် Channel Mandalay TV သတင်းထောက် ကိုအောင်ကြည်မြင့် (ခ) ကိုနန္ဒသည် မန္တလေးအိုးဘိုအကျဉ်းထောင်တွင် အစာတော်ခံ ဆန္ဒပြ လျှက်ရှိသည်။ ရဲတပ်ဖွဲ့မှ အပြစ်မရှိသူကို ပုဒ်မများ အမျိုးမျိုးတပ်၍ မတရားတရားစွဲဆိုခဲ့ခြင်းကြောင့် ယခု ကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု သတင်းထောက် ကိုနန္ဒမှ ၎င်းနှင့် မန္တလေးဗဟို အကျဉ်းထောင်တွင် တစ်ခန်းတည်းအတူနေသည့် ကိုနိုင်ရဲဝေ တရားရုံးထုတ် ထွက်လာစဉ်တွင် သတင်းစကားပါးခဲ့ခြင်းဖြစ်သည်။ မန္တလေးဗဟိုအကျဉ်းထောင်မှ ထောင်ပိုင် ဦးချို၀င်းထွန်းမှ အစာတော်ခံဆန္ဒပြသည့် သတင်းသည် မဟုတ်မှန် ကြောင်းငြင်းဆိုခဲ့သည်။

## နာဂလက်နက်ကိုင် ခြောက်ဦးကို မတရားအသင်း အက်ဥပဒေဖြင့် အမှုဖွင့်

မေလ ၁၆ ရက်နေ့တွင် နာဂလက်နက်ကိုင် NSCN(K) တပ်မှ ဗိုလ်မှူးအဆင့်အပါအဝင် လက်နက်ကိုင်ခြောက်ဦး ကို မတရား အသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ခန္တီးမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့ကြောင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် သတင်းမှန် ပြန်ကြားရေးမှ ဗိုလ်မှူးကြီးသန်းနိုင်မှ ပြောကြားခဲ့သည်။ အာသံ/ကသည်းလက်နက်ကိုင်အဖွဲ့များနှင့် စစ်ရေးပိုင်း ဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်၍ မဟာမိတ် အဖြစ် ဆက်သွယ်မှုများရှိနေသည်ကို တပ်မတော်မှ စစ်ဆေး ပေါ်ပေါက်သဖြင့် အမှုဖွင့်ထားခြင်းဖြစ်ကြောင်း လည်း ပြောကြားခဲ့သည်။ နာဂဒေသ၊ နန်းယွန်းမြို့နယ်၊ တကားကျေးရွာအနီး ရှိ NSCN(K) ဌာနချုပ်စခန်းအား တပ်မတော်မှ ဝင်ရောက်ရှင်းလင်းစဉ် အဆိုပါ လက်နက်ကိုင် ခြောက်ဦးကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

## ကရင်နီလူငယ်ခြောက်ယောက်ကို ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်

ကရင်နီလူငယ်များ၏ မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်ကြောင့် ကယားပြည်နယ် အစိုးရ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်မှ တရားလိုပြုလုပ်၍ ကရင်နီလူငယ် ခူးကြူးဖဲကေး၊ ခူးရီးဒူ၊ ခွန်းသောမတ်စ်၊ ကိုမျိုးလိုင်ဝင်း၊ ကိုပျားလေးနှင့် ကိုဒီးဒီတို့ ခြောက်ဦးကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ (၁၀) ဖြင့် လွိုင်ကော်မြို့မရဲစခန်းတွင် မေလ ၁၆ ရက်နေ့၌ အမှုဖွင့်ခဲ့သည်။ လွိုင်ကော်မြို့မရဲစခန်းမှ ကရင်နီလူငယ် ခြောက်ဦးကို လွိုင်ကော်မြို့မရဲစခန်းတွင် အမှုလာရောက် ရင်ဆိုင်ရန် မေလ ၂၀ ရက်နေ့တွင် အကြောင်းကြားခဲ့ပြီး ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေး အဖွဲ့တာဝန်ရှိသူများမှလည်း လူငယ်ခြောက်ဦး၏ နေအိမ်များကို ဝင်ရောက် ရှာဖွေခဲ့ သည်။

## ၈၈ မျိုးဆက် ငြိမ်းပွင့်မှ မနီလာသိန်းအပါအဝင် တက်ကြွ လှုပ်ရှားသူ ငါးဦးကို အမှုဖွင့်

ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင်များကို တရားရုံးထုတ်ရာ တွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည့်အတွက် မေလ ၂၁ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်ရဲစခန်းမှ ရဲမှူးနေဝင်းမှ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းအဖွဲ့အစည်းမှ မနီလာသိန်း၊ တက်ကြွလှုပ်ရှားသူများဖြစ်သော ကိုနန်းလင်း၊ မရားယမုံ၊ ကိုနိုင်ကိုသူနှင့် ကိုမင်းဟန်ထက် တို့ကို ပြည်သူ့ဝန်ထမ်းတဦး ပြည်သူဆိုင်ရာ အလုပ် ဝတ္တရား ဆောင်ရွက်နေသည်ကို ဟန့်တားခြင်း၊ ပုဒ်မ ၁၈၆၊ ပြည်သူ့ဝန်ထမ်းတဦးအား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းမှ ဟန့်တား ရန် မိမိအလိုအလျောက် နာကျင်စေမှု ပုဒ်မ ၃၃၂၊ အားပေးကူညီမှု ပုဒ်မ ၁၀၄၊ လက်ရောက်မှုကျူးလွန်ခြင်း ပုဒ်မ ၃၅၃ တို့ဖြင့် အမှုဖွင့်ခဲ့ သည်။ တရားစွဲဆိုခြင်းခံထားရသူ ငါးဦးကို ကိုယ်ပိုင် ခံဝန်ဖြင့် အာမခံပေးထားသည်။ မေလ ၂၀ ရက်နေ့တွင် ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင်များကို တရားရုံးထုတ်လာ ချိန်၌ လက်ထိပ်ခတ်ထားသည့်အတွက် ရဲများနှင့် အားပေး ထောက်ခံသူများကြား ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ် သည်။

## မလှိုင် သစ်တောကြိုးဝိုင်း ထင်းစိုက်ခင်းတွင်း ထွန်ယက်ခဲ့သည့် တောင်သူများကို အမှုဖွင့်

မေလ ၂၀ ရက်နေ့တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေး ဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရေငံရွာအုပ်စု၊ မယ်ညိုတောင် သစ်တောကြိုးဝိုင်းတွင်းရှိ ကျေးရွာထင်းစိုက်ခင်းအတွင်း ထယ်ထိုးထွန်ယက်ခဲ့သည့် ဒေသခံ တောင်သူ နှစ်ဦးဖြစ်သော ဘဏ္ဍာစိုးကျေးရွာနေ ဦးဆန်းဝင်း၊ ညောင်ပင်သာကျေးရွာနေ ဦးစံဌေးနှင့် ထွန်စက်မောင်းသူ သုံးဦးတို့ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁)ဖြင့် မလှိုင် မြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ထို့ပြင် မေလ ၂၅ ရက်နေ့တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဝင်းကျော်မှ ညောင်ပင်သာကျေးရွာ နေ ဦးစံဌေးအပါအဝင် တောင်သူ သုံးဦးကို နောက်န်ရွာ ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် ကျေးရွာထင်းစိုက်ခင်း ဧက ၁၀၀ အနက် ယူကလစ်ပင်၊ ရှားပင်များ စိုက်ပျိုးထားသည့် ၁၀ ဧကခန့်ကို တောင်သူများမှ ၎င်းတို့ပိုင်ဆိုင်သည့် ယာမြေဟုဆိုကာ ဧပြီလ ၂၈ ရက်နေ့နှင့် မေလ ၂၀ ရက်နေ့တို့တွင် ထယ်ထိုးထွန်ယက်ခဲ့သည့်အတွက် ကာလတန်ဖိုး ၄၂ သိန်းကျော် ပျက်စီးသွားသည်ဟု အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနမှ ပြောကြားခဲ့သည်။ အဆိုပါနေရာတွင် ဒေသခံတောင်သူများ ဓားမဦးချ လုပ်ကိုင်စားသောက်လျှက်ရှိသည်မှာ နှစ်ပေါင်း ၂၅ နှစ်မှ လေးဆယ်ကျော်အထိ ရှိနေပြီဖြစ်ပြီး အခွန်ပြေစာများလည်းရှိကြောင်း၊ မေလ ၂၁ ရက်နေ့တွင် တောင်သူများကို ဖမ်းဆီးရန် ခေါ်ဆောင်သော်လည်း သီးနှံများ စိုက်းပျိုးလျှက်ရှိ၍ ငြင်းဆန်ခဲ့ပြီး မေလ ၂၃ ရက်နေ့ နံနက်တွင် ရဲစခန်းသို့ လာရောက်ရန်ဆင့်ခေါ်ထားသည့်အတွက် တောင်သူ ၂၇ ဦးလုံး အတူသွားရောက်မည် ဖြစ်ကြောင်း ဦးဆန်းဝင်းမှ ပြောကြားခဲ့သည်။

## ဆရာတော် ဦးသောဘိတကို နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် တပ်မတော်မှ ထပ်မံ ဦးတိုက်လျှောက်

တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်ဟု စွပ်စွဲ၍ မေလ ၂၃ ရက်နေ့ တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးကျော်မှ ဆရာတော် ဦးသောဘိတ(အလင်္ကာကြယ်)ကို နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ပုဒ်မ ၅၀၅(ခ)ဖြင့် အရေးယူပေးရန် အမရပူရမြို့နယ် တရားရုံးကို ဦးတိုက် လျှောက်ထားခဲ့သည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကတည်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်ဂင်းမှ ဆရာတော်ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ထားသည်။

## ရှမ်းလက်နက်ကိုင် နှစ်ဖွဲ့အတွက် ငွေကြေး ကောက်ခံပေးသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဖမ်းဆီး၊အမှုဖွင့်

ရှမ်းပြည် တိုးတက်ရေးပါတီ(SSPP/SSA)နှင့် ရှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS/SSA) တို့အတွက် ငွေကြေးကောက်ခံပေးနေသည်ဟုဆိုကာ ကျောက်မဲအခြေစိုက် ခမရ ၅၀၂ မှ ဗိုလ်မှူး ဝေယံထွန်းမှ တရားလိုပြုလုပ်၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ နမ့်ဟူးတောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းတင်ချိုကို မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ကျောက်မဲမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့တွင် ကျောက်မဲမြို့နယ် စစ်ဖက်ရေးရာလုံခြုံရေး တပ်ဖွဲ့(စရဖ)မှ ဦးစိုင်းတင်ချိုကို ဖမ်းဆီးခဲ့ပြီး မေလ ၉ ရက်နေ့တွင် ကျောက်မဲမြို့နယ် ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ မေလ ၂၃ ရက်နေ့တွင် ဦးစိုင်းတင်ချိုကို ပထမအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။

## တပ်မတော်မှ Channel Mandalay TV သတင်းထောက်နှင့် တောင်သူ ခုနစ်ဦးကို အမှုဖွင့်

"နွားမွေးမြူရေး စီမံကိန်းအကြောင်းပြကာ တောင်သူပိုင်မြေများအား သိမ်းဆည်းနေမှုကို ဆန္ဒထုတ်ဖော်တော့မည်" ဆိုသည့် သတင်းကို မေလ ၁၉ ရက်နေ့တွင် Channel Mandalay TV သတင်းဌာန၌ ထုတ်လွှင့်ခဲ့ခြင်းအတွက် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟုဆိုကာ အမှတ် (၁၂၁) ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ရင်းမှ ဗိုလ်ကြီး ရဲကိုကိုဦးမှ Channel Mandalay TV သတင်းထောက် ကိုဝင်းနိုင်ဦးနှင့် သတင်းအင်တာဗျူးတွင် ပါဝင်သည့် တောင်သူ ခုနစ်ဦးကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ပြင်စာနယ်မြေရဲစခန်းတွင် မေလအတွင်း၌ အမှုဖွင့်ခဲ့သည်။ သတင်းထောက် ကိုဝင်းနိုင်ဦးမှ အာမခံမယူဘဲ အချုပ်ဖြင့် ရင်ဆိုင်မည်ဖြစ်သော်လည်း မေလ ၂၈ ရက်နေ့တွင် ပြင်စာနယ်မြေရဲစခန်း၌ လာရောက်စစ်ဆေးမှုခံယူစဉ် ရဲမှ ၎င်းအား အာမခံပေးခဲ့သည်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာအုပ်စုရှိ တောင်သူပိုင်မြေ ၁၇၃ ဧကကို အမှတ် ၁၂၁ ထောက်/ပို့တပ်မှ နို့စားနွားမွေးမြူရေးစီမံကိန်းအတွက်ဟုဆိုကာ ဧပြီလ ၂၉ ရက်နေ့၌ ခြံစည်းရိုးခတ်၍ သိမ်းဆည်း ခဲ့ရာမှ တပ်မတော်နှင့် တောင်သူများအကြား အငြင်းပွားမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## တပ်မတော်ကို ဝေဖန်သည့် ဆရာတော်တစ်ပါးကို တရားစွဲဆို

လူမှုကွန်ရက်စာမျက်နှာတွင် တပ်မတော်ကို ဝေဖန်ရေးသားခဲ့သည့်အတွက် မေလ ၂၇ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး ဦးသန့်ဇော်ဦးမှ ရွှေဝါရောင် ဆရာတော် ဦးစိန္တိတကို ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားကာ တရားစွဲ ဆိုခဲ့သည်။ မည်သည့်ပုဒ်မဖြင့် တရားစွဲဆိုသည်ကို သိရှိရခြင်းမရှိသေးကြောင်း ဦးစိန္တိတမှ မိန့်ကြားခဲ့သည်။

## ► တရားရင်ဆိုင်ရခြင်းများ

**တက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင် တရားခွင်ကို သပိတ်မှောက်**

မေလ ၂၄ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင်ကို တိုက်ကြီးမြို့နယ်တရားရုံးတွင် ရုံးထုတ်စစ်ဆေးခဲ့ရာ ၎င်းအား လာရောက်ဝန်းရံသူ နစ်ရာခန့်ကို တရားရုံးအတွင်း ဝင်ရောက်ခွင့်မပြုသောကြောင့် ဦးနေမျိုးဇင်မှ တရားခွင်ကို ၄၅ မိနစ်ခန့် သပိတ်မှောက် ဆန္ဒပြခဲ့သည်။ ဦးနေမျိုးဇင်သည် တပ်မတော်၏ ဂုဏ်သိက္ခာနှင့်ပုံရိပ်ကို ကျဆင်းစေရန် ဟောပြောခဲ့သည်ဟု ဆိုကာ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)၊(ခ)ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ မေလ ၁၀ ရက်နေ့ တရားခွင်တွင် ဦးနေမျိုးဇင်၏ ရှေ့နေဖြစ်သူ ဦးရောဘတ်စန်းအောင်မှ တရားခွင်အတွင်း ဦးနေမျိုးဇင်အား လက်ထိပ်ဖြုတ်စစ်ဆေးပေးရန် တောင်းဆိုခဲ့ သည်။

**တပ်ပိုင်မြေကျူးကျော်မှုဖြင့် တရားစွဲခြင်းခံထားရသည့် ထွန်းရေရွာသား ၂၃ ဦးကို ရုံးထုတ်**

အမှတ် ၅ တပ်မတော် တန်းမြှင့်လေ့ကျင့်ရေးကျောင်းမှ တပ်မတော်ပိုင်နယ်မြေအတွင်း ကျူးကျော်နေထိုင်သည်ဟု စွပ်စွဲကာ တရားစွဲဆိုခြင်းခံထားရသော ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် ထွန်းရေကျေးရွာသား ၂၃ ဦးကို အင်္ဂပူမြို့နယ် တရားရုံး၌ ပထမအကြိမ် ရုံးထုတ် စစ်ဆေးခဲ့သည်။ ၁၉၉၂ ခုနစ်တွင် ပုသိမ်-မုံရွာကားလမ်းမ ဖောက်လုပ်စဉ်၌ လမ်းလုပ်သား များ၊ ဒေသတွင်းမှ အိမ်ခြံမြေမဲ့များနှင့် တောင်ယာလုပ်သူများ စုပေါင်းနေထိုင်ရာမှ ထွန်းရေကျေးရွာ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနစ်တွင် တပ်မတော်မှ ပုသိမ်-မုံရွာကားလမ်း နဘေးရှိ မြေဧက ၁၅၀ ကျော်ကို မွေးမြူရေးခြံပြုလုပ် ရန်အတွက် ဟုဆိုကာ သိမ်းယူထားခဲ့ခြင်းဖြစ်သည်။ ထွန်းရေကျေးရွာအတွင်းရှိ အိမ်ခြေ ၆၈ အိမ်ကို တပ်မတော်မှ ပိုင်နက်ကျူးကျော်မှုဖြင့် အမှုဖွင့်အရေးယူပေးရန် အင်္ဂပူမြို့နယ် တရားရုံးကို ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်သည်ဟု မဲဇလီကုန်းနယ်မြေ ရဲစခန်းမှ ဒုရဲအုပ်ဇော်နိုင်ထွန်းမှ ပြောကြားခဲ့သည်။

**စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများကို ရုံးထုတ်**

စစ်ပွဲများ ရပ်တန့်ရန်နှင့် စစ်ဘေးသင့်ပြည်သူများကို ကန့်သတ်ချက်များမရှိဘဲ ကူညီထောက်ပံ့ခွင့် ရရှိရန် အတွက် ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ တာမွေဂုံးကျော်တံတားအနီး၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည့် တက်ကြွလှုပ်ရှားသူ ၁၇ ဦးကို မေလ ၂၄ ရက်နေ့တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် ဗဟန်းမြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့သည်။ တရားစွဲဆိုခြင်းခံရသူများတွင် ကိုဇေယျာလွင်၊ မခင်စန္ဒာ၊ မသဉ္ဇာရွှန်းလဲ့ရည်၊ ကိုမြတ်ကျော်၊ ကိုတင်ထွဋ်ပိုင်၊ ကိုပိုင်ရဲသူ၊ မရှားယမုံ၊ ကိုဆောင်းခနှင့် မအိအိမိုးတို့ ပါဝင်ပြီး ရုံးချိန်းကို ငါးဦးသာ တက်ရောက်ခဲ့သည်။

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ဖယွင်အလုပ်သမားပိတ်ကူညီသူများကို အမိန့်ချမှတ်**

မေလ ၁၇ ရက်နေ့တွင် ကျောက်တံတားမြို့နယ်တရားရုံးမှ ဖယွင်အလုပ်သမားသပိတ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးခဲ့ကြသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ လေးဦးဖြစ်သော ဦးအောင်မြင့်၊ ဦးမြတ်ကျော်၊ ဦးဇေယျာဖြိုးနှင့် ကိုသက်ဦးမောင်တို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၅ ရက် ကျခံစေရန် သို့မဟုတ် ဒဏ်ငွေ နစ်သောင်း ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးအောင်မြင့် သည် ထောင်ဒဏ် ၁၅ ရက် ကျခံမည်ဖြစ်ပြီး ကျန်နိုင်ငံရေးတက်ကြွလှုပ်ရှားသူ သုံးဦးသည် ဒဏ်ငွေ နစ်သောင်းကျပ်စီ ပေးဆောင်ခဲ့သည်။ ၂၀၁၈ ခုနစ်၊ အောက်တိုဘာလတွင် ဖယွင်အလုပ်သမားသပိတ်နှင့်ပတ်သက်၍ ကျောက်တံတား မြို့နယ်၊ မဟာဗန္ဓုလပန်းခြံအနီးတွင် ပြုလုပ်ခဲ့သည့် ဆန္ဒထုတ်ဖော်ပွဲကြောင့် ၎င်းတို့ လေးဦးသည် ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

## ► ထောင်တွင်းအခြေအနေများ

**"လွတ်ငြိမ်းချမ်းသာခွင့် တန်းတူ ရရှိရေး" အတွက် ထောင်ခြောက်ထောင်တွင် ဆူပူမှုဖြစ်ပွား**

နိုင်ငံတော်သမ္မတမှ တတိယအကြိမ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသားများကို လွှတ်ပေးခဲ့ပြီးနောက် "လွတ်ငြိမ်းချမ်းသာခွင့် တန်းတူ ရရှိရေး" အတွက်ဟုဆိုကာ မေလ ၈ ရက်နေ့တွင် မော်လိုက်အကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်နှင့် ရွှေဘိုအကျဉ်းထောင် တို့၌ ဆူပူမှုဖြစ်ပွားခဲ့ပြီး မေလ ၉

ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်၊ သာယာဝတီ အကျဉ်းထောင်နှင့် ပုသိမ်အကျဉ်းထောင်တို့တွင် ထောင်ဆူပူမှုများ ဖြစ်ပွားခဲ့သည်။ ရွှေဘိုအကျဉ်းထောင် ဆူပူမှုတွင် လုံခြုံရေးတပ်ဖွဲ့မှ မျက်ရည်ယိုဗုံးများ အသုံးပြု၍ အကျဉ်းသားများကို လူစုခွဲပစ်ခတ် နှိမ်နင်းမှုများ ပြုလုပ်ခဲ့ရာ အကျဉ်းသား လေးဦး သေဆုံးခဲ့ရကြောင်း သိရှိရသည်။ ရွှေဘိုအကျဉ်းထောင်တွင်း ဆူပူမှုဖြစ်ပွားနေခြင်းကို လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် အကျဉ်းသား အပါအဝင် အကျဉ်းသား ခြောက်ဦးနှင့် အကျဉ်းထောင်ဝန်ထမ်း တစ်ဦးတို့ကို အကျဉ်းထောင် အက်ဥပဒေ ပုဒ်မ ၄၂ အရ ထောင် ခြောက်လစီ ကျခံစေရန် မေလ ၁၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် အီလက်ထရောနစ် အက်ဥပဒေနှင့် အရေးယူရန် စစ်ဆေးနေသည်ဟု အကျဉ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ ပြောကြားခဲ့သည်။

## ထောင်တွင်းမှ တရားရင်ဆိုင်နေရသော ဒါရိုက်တာ မင်းထင်ကိုကိုကြီး ကျန်းမာရေးမကောင်း

ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (က)ဖြင့် ထောင်တွင်းမှ တရားရင်ဆိုင်နေရသော ဒါရိုက်တာ မင်းထင်ကိုကိုကြီး သည် အသဲခွဲစိတ်ထားသည့်အတွက် ကျန်းမာရေး ကောင်းမွန်ခြင်းမရှိကြောင်း သိရှိရသည်။ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြချက်များသည် တပ်မတော်၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည်ဟု စွပ်စွဲကာ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး လင်းထွန်းမှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ခြင်းဖြစ် သည်။

## ► ထောင်မှ လွတ်မြောက်မှုများ

## လွတ်ငြိမ်းချမ်းသာခွင့်တွင် ရိုက်တာသတင်းထောက် နှစ်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၀ ဦးပါဝင်

မေလ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ နိုင်ငံတဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း အသီးသီး တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၆၅၀၀ ကျော်ကို ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်တွင် ရိုက်တာ သတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင် (ခ) ဝလုံး နှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသား နှစ်ဆယ်ဦး ပါဝင်ခဲ့သည်။ ဧပြီလနှင့် မေလ နှစ်လအတွင်း သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့် သုံးကြိမ်ပေးခဲ့သည်။

## လေးလကျော်ကြာ ရုံးတင်စစ်ဆေးခြင်းခံရပြီးနောက် ဘူးသီးတောင်ဒေသခံနှစ်ဦးကို ပြန်လည် လွှတ်ပေး

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး အပါအဝင် ဒေသခံ လေးဦးကို မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေပုဒ်မ ၁၇(၁)၊(၂) တို့ဖြင့် လေးလကျော်ကြာ ရုံးတင်စစ်ဆေးခဲ့ပြီးနောက် မေလ ၂၈ ရက်နေ့တွင် စွဲချက်တင် အမိန့်ချမှတ်ခဲ့ရာ သရက်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး မောင်ထွန်းလှိုင်နှင့် ဒေသခံ ဦးအောင်ထွန်းစိန်တို့ကို စွဲဆို ထားသည့် ပုဒ်မနှင့် ညီစွန်းမှုမရှိဟုဆိုကာ ပြန်လည် လွှတ်ပေးခဲ့သည်။ သို့သော်လည်း ဒေသခံ ဦးမောင်ကျော်ဝင်းနှင့် ဦးအောင်ဌေးတို့ကိုမူ မတရားအသင်းဆက်သွယ်မှု အက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် စွဲချက်တင်ခဲ့သည်။ ၎င်းတို့ လေးဦးကို ရက္ခိုင့်တပ်တော်(AA)နှင့် ဆက်သွယ်မှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## ကျောက်တန်းရွာ စစ်ဆေးမှုဖြစ်စဉ် ပြီးဆုံး၊ အပြစ်မရှိဟု စစ်ဆေးပြီးသူများကို ပြန်လည်လွှတ်ပေး

ရက္ခိုင့်တပ်မတော်(AA) နှင့်ပတ်သက်၍ မသင်္ကာဟုဆိုကာ အသက် (၁၅) နှစ်မှ အသက် (၅၀) နှစ် အတွင်းရှိ အမျိုးသား ၂၇၅ ဦးကို ထိန်းသိမ်း၍ စစ်ဆေးသည့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းရွာ စစ်ဆေးမှုဖြစ်စဉ်သည် မေလ ၁၃ ရက်နေ့တွင် ပြီးဆုံး ကြောင်းနှင့် အပြစ်မရှိဟု စစ်ဆေးပြီးသူများကို မေလ ၃ ရက်၊ မေလ ၆ ရက်၊ မေလ ၈ ရက်၊ မေလ ၁၁ ရက်နှင့် မေလ ၁၃ ရက်နေ့တို့တွင် အသုတ်လိုက် ပြန်လည် လွှတ်ပေးခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့တွင် စတင်ခဲ့သည့် နှစ်ပတ်ကြာ စစ်ဆေးမှုအတွင်း AA ဟု ဝန်ခံသူ ခြောက်ဦး နှင့် ဝန်ခံခြင်းမရှိသော်လည်း သံသယရှိသူ နှစ်ဦးတို့ကို စစ်တွေမြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သည်ဟု တပ်မတော်တာဝန်ရှိသူမှ အတည်ပြုခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင်၊ ရခိုင်ပြည်နယ်၊ ရသေ့တောင် မြို့နယ်၊ ကျောက်တန်းကျေးရွာအတွင်းသို့ တပ်မတော်မှ ဝင်ရောက်လာခဲ့ပြီး ရွာသားများအားလုံးကို ရွာလယ်တွင် ရှိသည့် စာသင်ကျောင်းသို့ လာရောက်ရန် ဆင့်ခေါ်ခဲ့ သည်။ ထို့နောက် အသက် ၁၅ နှစ်အောက်နှင့် အသက် ၅၀ နှစ်အထက်ပိုင်းအရွယ်များကို ပြန်လည် လွှတ်ပေးခဲ့ပြီး အသက် ၁၅ နှစ်မှ အသက် ၅၀ နှစ်အထိ ရွာသားများကို AA နှင့်ပတ်သက်မှု ရှိ/မရှိနှင့် ကျေးရွာတွင်ရှိသည့် အိမ်ထောင်စုစာရင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့ သည်။ ထိုကဲ့သို့ စစ်ဆေးခဲ့ပြီးနောက် အသက် ၁၅ နှစ်မှ အသက် ၅၀ နှစ်အတွင်းရှိ အမျိုးသား ၂၇၅ ဦးကို မသင်္ကာ သည့်အတွက် လိုအပ်တဲ့စစ်ဆေးမေးမြန်းမှုများ လုပ်ဆောင်ခဲ့သည်ဟု သိရှိရသည်။

မေလ ၂ ရက်နေ့ နံနက်အစောပိုင်းတွင် ရွာသားများကို ထိန်းသိမ်းထားစဉ် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသား ခြောက်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ လေးဦးပျောက်ဆုံးခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦး သည် ဆေးကုသမှု ခံယူနေရပြီး ၎င်းတို့အနက်မှ တစ်ဦး သည် မေလ ၁၄ ရက်နေ့တွင် မြောက်ဦးဣက္ကလာပ ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ တပ်မတော်ဘက်မှ စစ်ဆေး နေစဉ်အတွင်း ရွာသားများမှ လူအုပ်ဖြင့် အော်ဟစ်၍ သေနတ်လုရန် ကြိုးစားလာသည့်အတွက် လုံခြုံရေး တပ်ဖွဲ့မှ ပစ်ခတ်ခြင်းဖြစ်သည်ဟု ပြောကြား ခဲ့သော်လည်း ဒေသခံရွာသားများမှ တပ်မတော်မှ တမင်ပစ်ခတ်ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ပစ်ခတ်မှုအတွင်း သေဆုံးသွားသူ ခြောက်ဦးကို သင်္ဂြိုလ်ရာတွင် မိသားစုဝင် များကို ခေါ်ယူခြင်းမရှိဘဲ တားဆီးပိတ်ပင်မှုများရှိသည်ဟု ရသေ့တောင် လူမှုကူညီရေးအဖွဲ့ဝင် ကိုဘက္ကာမှ ပြောကြားခဲ့သည်။ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းမှ ထိုဖြစ်စဉ်ကို ဥပဒေ နှင့်အညီ စုံစမ်း စစ်ဆေးမည် ဖြစ်ကြောင်း ပြောကြားခဲ့ သည်။ မေလ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC)မှ ကျောက်တန်း ကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ဒေသခံများနှင့် တွေ့ဆုံကာ စစ်ဆေး မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရ သည်။

## အပစ်ရပ်ကာလ နှစ်လ ထပ်တိုးပေးလိုက်ပြီဖြစ်ကြောင်း တပ်မတော်ထုတ်ပြန်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတ်မှတ်ထား သည့် အပစ်ရပ်ကာလ ကုန်ဆုံးသွားပြီသော်လည်း အပစ်ရပ်စာချုပ်များ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ မပြီးပြတ်သေး သည့်အတွက် အပစ်ရပ်ကာလကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထိ ထပ်မံတိုးမြှင့်ပေးလိုက်ပြီဖြစ်ကြောင်း တပ်မတော်မှ သတင်း ထုတ်ပြန်ခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ မူဆယ်မြို့တွင် အပစ်ရပ်စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) မှ ကိုယ်စားလှယ်များနှင့် မြောက်ပိုင်း မဟာမိတ် လေးဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေး တပ်မတော်(KIA)၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA)၊ တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)၊ ရက္ခိုင့် တပ်မတော်(AA)တို့မှ ကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ထိုနေ့ညနေပိုင်းတွင် အပစ်ရပ်

ကာလကို နှစ်လ ထပ်မံတိုးမြှင့်လိုက်ပြီဖြစ်ကြောင်း တပ်မတော်မှ ကြေငြာရခြင်းမှာ မူဆယ် ဆွေးနွေးပွဲ ရလာဒ် အဆင်ပြေခြင်း၊ တပ်မတော်မှ ၂၀၂၀ ခုနှစ်တွင် ငြိမ်းချမ်းရေးအပြီးသတ် အရယူရန် ဆောင်ရွက်နေခြင်း တို့ကြောင့် ဖြစ်သည်ဟု တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ပြောကြားခဲ့ သည်။

**ထားဝယ်ခရိုင်တရားရုံးမှ တနင်္သာရီဂျာနယ် အမှုအယူခံကို ပယ်ချ**

မေလ ၃ ရက်နေ့တွင်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တရားရုံးမှ တနင်္သာရီဂျာနယ်၏ အမှု အယူခံကို ပယ်ချခဲ့သည်။ ကလောင်ရှင် မူးဆေးအို ရေးသားသည့် မဲဆွယ်အပြိုး သရော်စာကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တနင်္သာရီဂျာနယ်၌ ထည့်သွင်းဖော်ပြခဲ့သည့်အတွက် တနင်္သာရီတိုင်း ဒေသကြီးအစိုးရမှ တနင်္သာရီဂျာနယ်ကို သတင်းမီဒီယာ ဥပဒေ၊ ပုဒ်မ ၂၅ (ခ)ဖြင့် တရားစွဲဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ထားဝယ်မြို့နယ် တရားရုံး မှ တနင်္သာရီဂျာနယ်ကို ထောင်ဒဏ် ခြောက်လ (သို့မဟုတ်) ဒဏ်ငွေ ငါးသိန်းကျပ်ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ကြောင့် တနင်္သာရီဂျာနယ်မှ ဒဏ်ငွေ ငါးသိန်းပေးဆောင်ခဲ့ပြီး မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးရန် ထားဝယ်ခရိုင် တရားရုံး တွင် အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

**စေတီတောင် ဒေသခံတစ်ဦး ပစ်ခတ်ခံရ**

မေလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ်၊ စေတီတောင်ကျေးရွာမှ စည်တောင်ကျေးရွာ ဘက်သို့ စက်တပ်သဗ္ဗာန်လှေနှင့် ထင်းတင်ရန်သွားသည့် အသက် ၅၄ အရွယ် ဦးခင်မောင်သည် သေနတ်ဖြင့် ပစ်ခတ်ခြင်း ခံခဲ့ရသည်။ ထိုလှေပေါ်တွင် ဦးခင်မောင်၏ ဇနီးနှင့်အတူ ထင်းသယ်ရန်အတွက် မိတ်ဆွေတစ်ဦး သည်လည်း လိုက်ပါလာခဲ့သည်။ ကျည်ဒဏ်ရာရသူ ဦးခင်မောင်မှ ၎င်းတို့ စက်တပ်သဗ္ဗန်လှေကို စပါးထား ကျေးရွာတွင်ရှိနေသည့် တပ်မတော် တပ်ဖွဲ့များမှ ပစ်ခတ် ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရပြီး နောက်တွင် စပါးထားကျေးရွာ တံတား၌ စောင့်ဆိုင်းနေသည့် တပ်မတော်သားများမှ ၎င်း၏အမျိုးသမီးနှင့် လှေပေါ်တွင်ပါလာသည့် ၎င်း၏ မိတ်ဆွေကို ခေါ်ယူစစ်ဆေးခဲ့သည်ဟု ပြောကြားခဲ့သည်။

**တိမ်ညိုရွာအနီးတွင် တိုက်ပွဲဖြစ်၍ ကလေးတစ်ဦး ဒဏ်ရာရ**

မေလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တိမ်ညိုရွာအနီးတွင် တပ်မတော် ယာဉ်တန်းကို ရက္ခိုင့် တပ်မတော် (AA)မှ မိုင်းခွဲတိုက်ခိုက်ခဲ့ပြီးနောက် တပ်မတော်နှင့် AA တို့ အပြန်အလှန် တိုက်ခိုက် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကာ တိမ်ညိုကျေးရွာမှ ခြောက်နှစ် အရွယ် ကလေးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ တပ်မတော်ယာဉ်တန်းကို AA အဖွဲ့မှ မိုင်းခွဲတိုက်ခိုက်ခဲ့သည့်ပြင် လက်နက်များနှင့်ပါ ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းကြောင့် ပြန်လည် ခုခံပစ်ခတ်ခဲ့ခြင်းသာ ဖြစ်ပြီး ရွာအတွင်းသို့ ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း ပြောကြား ခဲ့သည်။

AA မှ ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခမှ တပ်မတော် ယာဉ်တန်းကို မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်းသည် ဟုတ်မှန် သော်လည်း တိမ်ညိုရွာမှ ကလေးတစ်ဦး ထိခိုက်ခဲ့ခြင်း သည် တပ်မတော်၏ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**ကျောက်တော်တွင် ပစ်ခတ်မှုများ ဖြစ်ပွား၍ တစ်ဦး သေဆုံး၍ ကူးတို့သမား တစ်ဦး ကျည်ဆန်ထိမှန်**

မေလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော် မြို့နယ်၊ တောင်ပေါက်ရွာနှင့် ဘုရားပေါင်းရွာကြား၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး တပ်မတော်ဘက်မှ ပစ်ခတ်မှုကြောင့် ဘုရားပေါင်းကျေးရွာမှ ဆိုင်ကယ် မောင်းသူ ဦးမောင်မောင်လှ သေဆုံးခဲ့ကာ တောင်ပေါက်ရွာမှ ကူးတို့သမား ဦးဦးတင်ဝင်းသည် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ကျောက်တော်မြို့နယ် အတွင်း ပစ်ခတ်မှုကြောင့် သေဆုံးသွားသူမှာ တပ်မတော် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မိုင်းဆွဲတိုက်ခိုက်သဖြင့် အသေ ပစ်ခတ်ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပြောကြားခဲ့သည်။

ကျောက်တော်မြို့မှ ဒေသခံ ဦးဇော်ဝင်းမှ သေဆုံးသွား သည့် ဦးမောင်မောင်လှသည် ထိုနေ့နံနက်ပိုင်းတွင် ကျောက်တော် မြို့မဈေးတွင် ဈေးရောင်းရန် ၎င်း၏ ဇနီးကို ဆိုင်ကယ်ဖြင့် ပို့ပြီးနောက် ချိန်ခွင်ကျန်ခဲ့သဖြင့် အိမ်ပြန် ယူရာလမ်းတွင် ပစ်ခတ်ခြင်းခံခဲ့ရပြီး သေဆုံးခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။

## မတူပီမြို့တွင်ဖြစ်ပွားခဲ့သည့် တပ်မတော်သားများမှ လျှပ်စစ်ဝန်ထမ်းတစ်ဦးကို ရိုက်နှက်မှု ကြေငြာ

လျှပ်စစ်ဝန်ထမ်းတစ်ဦးအား တပ်မတော်သားများမှ ရိုက်နှက်သည့်အမှုကို ချင်းထုံးစံအရ နွားနောက် တစ်ကောင်နှင့် ဝက်တစ်ကောင်တို့ပေးကာ မေလ ၆ ရက်နေ့တွင် ကြေငြာခဲ့သည်။ ဧပြီလ ၂၀ ရက်နေ့တွင် ဘုံတလာရေအားလျှပ်စစ်စက်ရုံတွင် အဖွဲ့ခေါင်းဆောင် အဖြစ် တာဝန်ထမ်းဆောင်နေသော ကိုဆလိုင်းဘွေဟား သည် ရေအားနည်းလွန်းသဖြင့် စစ်တပ် ခလရ(၁၄၀) တပ်ရင်းဘက်သို့ ပေးနေသော လျှပ်စစ်မီးကို ခဏပိတ် ခဲ့ရာ ခလရ(၁၄၀)မှ တပ်ရင်းမှူး ဗိုလ်မှူးကျော်ကျော်၏ လက်အောက်ခံ စစ်သား ခြောက်ဦးတို့သည် ထင်းချောင်း ကိုယ်စီကိုင်၍ လျှပ်စစ်ဝန်ထမ်းတန်းလျားသို့ အရပ်ဝတ် ဖြင့် ဝင်လာကြကာ ကိုဆလိုင်းဘွေဟားကို ဝိုင်းဝန်း ရိုက်နှက်ခဲ့ကြသည်။ ထို့ကြောင့် ကိုဆလိုင်းဘွေဟားသည် ဒဏ်ရာရရှိကာ အဆိုပါဒဏ်ရာများကြောင့် သွေးထွက် လွန်မှုဖြစ်ခဲ့ပြီး မူးဝေနေသဖြင့် ရိုက်နှက်သူများမှ ခလရ (၁၄၀)တပ်ရင်း စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ပြစ်မှု ကျူးလွန်သောစစ်သားများကို စစ်ဗျူဟာတပ်ရှိ အချုပ် အတွင်းတွင် ချုပ်နှောင်ထားသည်ဟု သိရှိရသည်။

## လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ မိုးနဲမြို့နယ်မှ ရွာသား ၁၃ ဦးကို ဖမ်းဆီးခေါ်ဆောင်

မေလ ၈ ရက်နေ့ညပိုင်းတွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ်၊ လွယ်လုံးဒေသ၊ ဟိုနားကျေးရွာတွင် နေထိုင်ကြသည့် ပအိုဝ်းတိုင်းရင်းသား ရွာသား ၁၃ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုကဲ့သို့ အရပ်သားပြည်သူများကို လက်နက်ကိုင်အဖွဲ့မှ အဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်ရပ်သည် ဟိုနား ကျေးရွာတွင် ပထမဦးဆုံး ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ဟိုနားကျေးရွာအုပ်စုဝန်းကျင်သည် ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA)တပ်ဖွဲ့၏ လှုပ်ရှားမှု နယ်မြေဖြစ်သည်။

## တပ်မတော်မှ အဓမ္မစေခိုင်းမှုများရှိသည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ ထုတ်ပြန်

ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်၊ ခမောင်းဝ ကျေးရွာတွင် တပ်စွဲထားသည့် ခလရ ၇၇ တပ်ရင်းအတွက် ရိက္ခာများသယ်ယူရာတွင် ဒေသခံများကို အတင်းအဓမ္မ သယ်ယူခိုင်းမှုများရှိသည်ဟု ချင်းလူ့အခွင့်ရေးအဖွဲ့မှ မေလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းမှ ပေါ်တာဆွဲခြင်း၊ အတင်းအကျပ်စေခိုင်းမှု များကို မလုပ်ရန် တားမြစ်ထားပြီး အောက်ခြေတပ်များမှ နေ့စားခပေး၍ ခိုင်းသည်ဟု သိရှိထားကြောင်းနှင့် ထိုအခြေအနေကို စုံစမ်းမေးမြန်းသွားမည်ဟု ပြောကြား ခဲ့သည်။ မီးဇာရွာ၊ ကျောက်ပလွင်ရွာ၊ သာယာကုန်းနှင့် ကျွန်းချောင်းဝစသည့် ကျေးရွာ လေးရွာမှ ဒေသခံများနှင့် စစ်ဘေးရှောင်များကို တစ်အိမ်တစ်ယောက် မလိုက်မနေရ ပုံစံမျိုးနှင့် ခေါ်ဆောင်မှုများ ရှိသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

တပ်မတော်မှ ရိက္ခာသယ်ယူသည့်အခါ ၁၅ ယောက်မှ အယောက် ၂၀ အထိ ခေါ်ယူခိုင်းလေ့ရှိပြီး သက်ကြီး ရွယ်အိုများနှင့် အမျိုးသမီးများပါ လိုက်လံ သယ်ဆောင် ရသည်ဟု ချင်းလူ့အခွင့်ရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။ ဆန်တစ်အိတ်ကို လူနှစ်ယောက်နှုန်းဖြင့် ခွဲသယ်ရပြီး တပ်မတော်မှ သယ်ဆောင်ခအဖြစ် တစ်ဦးကို ငွေကျပ် လေးထောင်၊ အခြားပစ္စည်းများ သယ်ယူခအတွက် ကျပ် ငါးထောင်ပေးသည်ဟု သိရှိရသည်။ လက်ရှိတွင် တပ်မတော်မှ ဒေသခံကျေးရွာသားများကို တစ်လကို နှစ်ကြိမ်မှ လေးကြိမ်ခန့်အထိ ရိက္ခာသယ်ခိုင်းလျက် ရှိသည်။

## ရှမ်းလက်နက်ကိုင်နှစ်ဖွဲ့မှ အပစ်အခတ်ရပ်စဲကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်

ရှမ်းတိုင်းရင်းသားလက်နက်ကိုင် နှစ်ဖွဲ့ဖြစ်သည့် ရှမ်းပြည် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်တော်(SSPP/SSA) နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော်(RCSS/SSA) တို့ကြား အပစ်အခတ်ရပ်စဲ မည်ဖြစ်ကြောင်း နှစ်ဘက် တပ်ခါင်းဆောင်များမှ မေလ ၁၁ ရက်နေ့တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ သည်။ SSPP/SSA ပြောရေးဆိုခွင့်ရှိသူ ဒုဗိုလ်မှူးကြီး စိုင်းစုမှ အပစ်ရပ်ကာလကို သတ်မှတ်ထားခြင်းမရှိဘဲ နှစ်ဖက်တပ်နေရာချထားရေးများအတွက် ဆွေးနွေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဗုံးသီးပေါက်ကွဲခြင်း၊ လက်နက်ကျည် ထိမှန်ခြင်းတို့ကြောင့် ဘူးသီးတောင်နှင့် ကျောက်တော်မြို့နယ်တို့မှ ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရ

မေလ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့၌ ဗုံးသီးပေါက်ကွဲခြင်း၊ လက်နက်ကျည် ထိမှန်ခြင်းတို့ကြောင့် ဒေသခံ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မေလ ၁၃ ရက်နေ့ညနေ၌ ဘူးသီးတောင် မြို့နယ်၊ စပါးထား

ကျေးရွာမှ အသက် ၆၆ နှစ်အရွယ် ဦးအောင်စိန်ထွန်းသည် ကျွဲကျောင်းရန်သွားရာ ၎င်းအနီးတွင် ဗုံးသီးပေါက်ကွဲ၍ ထိခိုက်ဒဏ်ရာရခဲ့ပြီး ကျောက်တော်မြို့နယ်၊ ကျားနက်ကန်ကျေးရွာမှ အသက် ၅၆ နှစ် အရွယ် ဒေါ်ကြာရွှေယဉ်သည် ယင်းနေ့ည ၈ နာရီအချိန်ခန့်၌ ၎င်းအိမ်၌ရှိနေစဉ် ပေါင်၌ ကျည်ဆံထိမှန်ခဲ့သည်။

## [မြောက်ဦးတွင် ပညာရေးဝန်ထမ်းတစ်ဦး လက်နက်ကြီး ကျည်စထိမှန်]

မေလ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဗိုလ်ဈေးကျေးရွာမှ မူလတန်းပြ ဆရာ ဦးမိုးဝင်းသည် သင်တန်းတက်ပြီး အိမ်အပြန်လမ်းတွင် လက်နက်ကြီး ကျည်စထိမှန်၍ ဒဏ်ရာရရှိသွားခဲ့သည်။ ဦးမိုးဝင်းသည် ညာဘက် ရင်အုံပေါ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် လောင်းကြက်ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ရသည်။

## [စစ်တွေတွင် အသံတိတ်လမ်းလျှောက်၍ တိုက်ပွဲများ ရပ်တန့်ရန် ဆန္ဒထုတ်ဖော်]

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် စစ်ပွဲများတွင် အရပ်သားများကို ပစ်ခတ်ဖမ်းဆီးမှုများနှင် စစ်ဘေးရှောင် များ နေရပ် ပြန်နိုင်ရေးအပါအဝင် အချက်လေးချက်ကို အစိုးရနှင့် တပ်မတော်တို့မှ အမြန်ဆုံးဖြေရှင်းပေးရန် သံဃာတော်များအပါအဝင် ရာနှင့်ချီသည့် ဒေသခံများ သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ မေ ၁၉ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၎င်းတို့တောင်း ဆိုထားသော အချက်လေးချက်ကို မေလ ၉ ရက်နေ့၌ နိုင်ငံတော် သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကာကွယ်ရေး ဦးစီးချုပ်တို့ထံ စာပေးပို့တောင်းဆိုထားသော်လည်း မေလ ၁၇ ရက်နေ့ထိ တုံ့ပြန်ဆောင်ရွက်ပေးခြင်း မရှိသည့် အတွက် ဆန္ဒ ထုတ်ဖော်ရခြင်းဖြစ်သည်။

## [ကျောက်တော်မြို့နယ်တွင် ပစ်ခတ်မှုဖြစ်ပွား၍ အရပ်သား တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ]

မေလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော် မြို့နယ်၊ မျောက်တောင်ကျေးရွာနှင့် မာလာတောင် ကျေးရွာ ကြား၌ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့်အတွက် မျောက်တောင် ကျေးရွာမှ အသက် ၁၀ နှစ်အရွယ် လေးတန်းကျောင်းသူ မအေသိန်းချေ ကျည်ထိမှန်သေဆုံးခဲ့ ပြီး မာလာကျေးရွာမှ အသက်သုံးနှစ်အရွယ် မောင်ခိုင်လင်းဌေးနှင့် အသက် ၇၅ နှစ်အရွယ် ဦးအောင်နီတို့သည် ဗုံးဆန်ထိမှန်၍ ထိခိုက် ဒဏ်ရာရရှိခဲ့ သည်။ မေလ ၁၉ ရက်နေ့တွင် ကားအစီးရေ ၅၀ ကျော်ပါသည့် တပ်မတော် ယာဉ်တန်းသည် ပလက်ဝမှ ကျောက်တော်သို့ လာရာ မျောက်တောင်နှင့် မာလာကျေးရွာအကြား၌ မိုင်းဆွဲတိုက်ခိုက်ခြင်းခံခဲ့ရသည်။ တပ်မတော်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရခြင်းကို အကြောင်းပြု၍ တပ်မတော်မှ ပစ်ခတ်မှုများ လုပ်ဆောင် ခဲ့သည်ဟု ဒေသခံရွာသားများမှ ပြောကြားခဲ့သည်။

## [ငါးရှာနေသည့် နဂရာကျေးရွာမှ ရခိုင်ရွာသားများအား မတရားဖမ်းဆီး၊ ရိုက်နှက်]

မေလ ၂၀ ရက်နေ့တွင် တပ်မ ၅၅ မှ ကျောက်တော် မြို့နယ်၊ နဂရာကျေးရွာမှ ငါးရှာနေသည့် ကျေးရွာသား ကိုးဦးအား မတရားဖမ်းဆီးကာ ညှင်းပန်း၊ရိုက်နှက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ကျေးရွာလူကြီးမိဘများမှ ၎င်းတို့၏ မှတ်ပုံတင်များ၊ ထောက်ခံစာများကို ပြသ၍ ပြန်ထုတ်ယူမှသာ ပြန်လည် လွှတ်မြောက်လာခဲ့သည်။ ထိုကဲ့သို့ ညှင်းပန်းရိုက်နှက်မှုကြောင့် အဆိုပါ ကျေးရွာသား ကိုးဦးတွင် ကွဲပြဲဒဏ်ရာများ ရရှိခဲ့သည်။

## [မိုင်းနင်းမိ၍ ငှက်ပျော်ချောင်း ကျေးရွာသား နှစ်ဦး ထိခိုက် ဒဏ်ရာရ]

မေလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ယိုးချောင်းဖျားဒေသ၊ ငှက်ပျောချောင်းကျေးရွာမှ အသက် ၂၇ နှစ်အရွယ် ကိုနိုင်ဇော်ဦးနှင့် အသက် ၂၅ နှစ်အရွယ် ကိုမောင်ပု တို့သည် အိမ်ဆောက်ရန် တိုင်လုံးများ သွားရောက် သယ်ယူစဉ် မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ၎င်းတို့ ရရှိထားသော ဒဏ်ရာများ ပြင်းထန်သဖြင့် ကျောက်တော်ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။

## [ဒေါက်တာအေးမောင်၏ အယူခံကို ပြည်နယ် တရားလွှတ်တော် ပလပ်]

မေလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ် တရား လွှတ်တော်မှ ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခြင်း ခံထားရသည့် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့၏ အမှု အယူခံလျှောက်လဲချက်ကို ပလပ်ခဲ့သည်။ ၎င်းတို့နှစ်ဦး၏ မိသားစုဝင်များနှင့် ရှေ့နေတို့မှ ပြည်ထောင်စု တရားလွှတ်တော် အပါအဝင် အဆင့်ဆင့်ကို အယူခံ ဆက်တက်သွားမည်ဟု ပြောကြားခဲ့သည်။ မတ်လ ၁၉ ရက်နေ့တွင် စစ်တွေခရိုင် တရားရုံးမှ ၎င်းတို့နှစ်ဦးကို နိုင်ငံတော် သစ္စာ ဖောက်ဖျက်ပုန်ကန်မှု ပုဒ်မ ၁၂၂၊ နိုင်ငံတော် အကြည်ညို

ပျက်စေမှု ပုဒ်မ ၅၀၅ (ခ) တို့ဖြင့် ထောင်ဒဏ်အနှစ် ၂၀ စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ရသေ့တောင်မြို့နယ်၌ ကျင်းပခဲ့သည့် ရခိုင်ဘုရင့်နိုင်ငံတော် ကျရှုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့၏ ဟောပြောချက်များ သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည်ဟုဆိုကာ ၎င်းတို့နှစ်ဦးကို ဖမ်းဆီး၊တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ရဲဘက်စခန်းမှ အကျဉ်းသားများ၏ လုပ်အားခတိုးပေးရန် အစီအစဉ်မရှိ

ရဲဘက်စခန်းများတွင် အကျဉ်းသားများ၏ တစ်ရက်တာ လုပ်အားခနှုန်းထားကို တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါဟု ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ မေလ ၂၁ ရက်နေ့တွင် လွှတ်တော်၌ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း (ရဲဘက်စခန်း)များ၌ လုပ်ကိုင်နေရသည့် အကျဉ်းသားများ၏ တစ်ရက်တာလုပ်အားခနှုန်းကို ကျပ်၂၅၀ မှ ပြင်ပတစ်ရက်လုပ်အားခ ကျပ် ၄၈၀၀ ၏ သုံးပုံတစ်ပုံခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊မရှိ လွှတ်တော်၌ မေးမြန်းချက်ကို ဒုဝန်ကြီး ဗိုလ်ချုပ်အောင်သူမှ ပြန်လည် ဖြေကြားခဲ့ ခြင်းဖြစ်သည်။

## AA မှ ချင်းအမျိုးသား ငါးဦးကို ဖမ်းဆီး ခေါ်ဆောင်

မေလ ၁၅ ရက်နေ့တွင် ရက္ခိုင့်တပ်မတော် (AA) မှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ ချင်းတိုင်းရင်းသား ငါးဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသူ ငါးဦးအနက် တစ်ဦးမှာ ကျီးမကြီးရွာမှဖြစ်ပြီး ကျန်လေးဦးသည် ကြီးမကြီးရွာ နှင့်နီးသော ရွာတွင် နေထိုင်ကြသည်။ AA မှ ဒေသခံများအား ၎င်းတို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို သတင်းမီဒီယာနှင့် တာဝန်ရှိသူများကို တိုင်ကြားလျှင် ဖမ်းဆီးထားသူများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည်။

## အလယ်ကျွန်းရွာတွင် လက်နက်ကြီးကျ၍ သားအဖ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

မေလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အလယ်ကျွန်းကျေးရွာ၌ လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် အသက် ၃၈ နှစ်အရွယ် ချော်ဘီနှင့် ၎င်း၏သားဖြစ်သူ အသက် ၈ နှစ်အရွယ် စေရာမန်တို့ သေဆုံးခဲ့ပြီး အသက် ၁၅ နှစ်အရွယ် မာမတ်အေဖာန်သည် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးကျရောက်ခဲ့သည့်ကျေးရွာသည် တိုက်ပွဲဖြစ်ပွားသည့်နေရာ မဟုတ်သည့်အတွက် မည်သည့်အဖွဲ့မှ ပစ်ခတ်ခြင်းဖြစ်သည်ကို သိရှိခြင်း မရှိကြောင်း ရွာသားများမှ ပြောကြားခဲ့သည်။

## မြေမြှုပ်မိုင်းပေါက်ကွဲ၍ အရပ်သား တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

မေလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်နှင့် သီပေါမြို့နယ်တို့တွင် မြေမြှုပ်မိုင်း နှစ်လုံးပေါက်ကွဲခဲ့သည့်အတွက် အရပ်သား တစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ နမ္မတူမြို့နယ်၊ မုန်းမူရွာမှ လုံးစန်ဂျန်သည် ၎င်း၏ စပါးစိုက်ကွင်းအတွင်းသို့ လမ်းလျှောက်လာစဉ် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်းဖြစ်ပြီး ဆေးရုံသို့သွားရာလမ်းတွင် ၎င်းသည် သေဆုံးသွားခဲ့သည်။ ထို့နေ့တွင်ပင် သီပေါမြို့နယ်၊ တွမ်ကျိုင်းရွာမှ စိုင်းအမ်းသည် ၎င်း၏ တောင်ယာအတွင်း လမ်းလျှောက်နေစဉ် မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သည်။

## မိုင်းပေါက်ကွဲ၍ ချောင်းတူရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရ

မေလ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ချောင်းတူကျေးရွာအနီး၌ မိုင်းပေါက်ကွဲ၍ ချောင်းတူကျေးရွာမှ အသက် ၁၈ နှစ်အရွယ် ကိုကျော်နိုင်စိုးသည် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ကိုကျော်နိုင်စိုးသည် ဝါးခုတ်ရန်သွားရောက်စဉ် ၎င်းနှင့်အတူပါလာသည့် ခွေးမှ မိုင်းနင်းမိရာမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## သတ်ဖြတ်ခြင်းခံခဲ့ရသည့် လီဆူတိုင်းရင်းသား သုံးဦးအတွက် KIA မှ နှစ်နာကြေးပေး

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)မှ ၎င်းတို့ဖမ်းဆီးထားစဉ် အသက်သေဆုံးသွားခဲ့ရသည့် လီဆူတိုင်းရင်းသား သုံးဦးနှင့် ရိုက်နက်ခြင်းခံခဲ့ရသူ တစ်ဦးတို့အတွက် နှစ်နာကြေးပေးခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် အသတ်ရခံသူ များနှင့်ပတ်သက်ပြီး လီဆူညှိနှိုင်းပေးရေးကော်မတီအဖွဲ့၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များ၊ ကျန်ရစ်သူ မိသားစုဝင်များနှင့် KIA ကိုယ်စားလှယ်တို့သည် တွေ့ဆုံညှိနှိုင်း၍ နှစ်နာကြေးပေးရန် သဘောတူခဲ့ကြသည်။ KIA အဖွဲ့၏ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူမှ ထိုစွပ်စွဲချက်အတွက် KIA စစ်သားများကို ဖမ်းဆီးစစ်ဆေးနေကြောင်း ပြောကြားခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် KIA တပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဘန်ကောက်ကျေးရွာတွင် နေထိုင်သည့် လီဆူတိုင်းရင်းသား လေးဦးကို ဖမ်းဆီးသွားခဲ့ပြီးနောက် သုံးဦး အသတ်ခံခဲ့ရပြီး တစ်ဦးသည် ထွက်ပြေး လွတ်မြောက်လာခဲ့ သည်။

## ကျောက်တော်ဒေသခံတစ်ဦး နှိပ်စက်ဒဏ်ရာများဖြင့် သေဆုံး

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် တပ်မတော်၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသူ ဦးကျော်လှိုင်သည် နှိပ်စက်ခြင်းခံထားရသော ဒဏ်ရာများကြောင့် မေလ ၂၆ ရက်နေ့တွင် ကျောက်တော်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ မေလ ၂၁ ရက်နေ့ နှင့် မေလ ၂၂ ရက်နေ့တို့တွင် ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာတွင် နေထိုင်သူ အသက် ၄၃ နှစ်အရွယ်ရှိ ဦးကျော်လှိုင် ၊ အသက် ၅၄ နှစ်အရွယ်ရှိ ဦးမောင်မဲ၊ အသက် ၄၆ နှစ်အရွယ်ရှိ ဦးပြည်သိမ်းမောင်တို့သည် ပျောက်ဆုံးသွားခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် ဦးကျော်လှိုင်သည် ဝါးခုတ်ရန်သွားစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး မေလ ၂၅ ရက်နေ့တွင် ဦးကျော်လှိုင်ကို စစ်တပ်မှ ကျောက်တော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသရန် ပို့ဆောင်ခဲ့သည်။ ဦးမောင်မဲနှင့် ဦးပြည်သိမ်းမောင်တို့ကိုမူ ကျောက်တော်ရဲစခန်းတွင် ထိန်းသိမ်းထားသည်။ ဦးပြည်သိမ်းမောင်သည် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် မျက်လုံးတစ်ဖက်ကွယ်သွားခဲ့ကာ နားလည်းမကြားတော့ဟု သိရှိရသည်။ မေလ ၂၅ ရက်နေ့တွင် ၎င်းတို့ သုံးဦးကို ကျောက်တော်စကခ(၉)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ လာရောက်အပ်နှံခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)/၅၂(က)ဖြင့် အမှုဖွင့်ခဲ့သည်။ ဒဏ်ရာရရှိထားသော ဦးကျော်လှိုင်ကို ကျောက်တော်ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာအဖြစ်တင်ပို့ခဲ့ပြီး တစ်ရက်အကြာ မေလ ၂၆ ရက်နေ့တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

## လက်နက်ကြီးကျရောက် ပေါက်ကွဲသောကြောင့် အရပ်သား နှစ်ဦး ဒဏ်ရာရ

မေလ ၂၆ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မောင်နမကျေးရွာအတွင်းသို့ တပ်မတော် တပ်ရင်းအမှတ် ၂၈၉ မှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် အရပ်သား နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူ နှစ်ဦးအနက် တစ်ဦးသည် ပလက်ဝဆေးရုံး၌ တက်ရောက်၍ ဆေးကုသမှု ခံယူလျှက်ရှိသည်။ တပ်ရင်း အမှတ် ၂၈၉ သည် ထိုနယ်မြေအတွင်း လှုပ်ရှားလျှက်ရှိသော ရက္ခိုင့်တပ်မတော်(AA) ကို ပစ်မှတ်ထား၍ ပစ်ခတ်ခြင်းဖြစ်သည်။

## ကျောက်တော်မြို့နယ်၊ ညောင်ချောင်းကျေးရွာသားနှစ်ဦးကို တပ်မတော်မှ လမ်းပြအဖြစ် ခေါ်ဆောင်

မေလ ၂၉ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ညောင်ချောင်းကျေးရွာမှ မောင်ယောင်းနှင့် မောင်သန်းကျော်တို့နှစ်ဦးကို လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ကို ခေါ်ဆောင်သွားခဲ့ပြီး ၁၀ မိနစ်ခန့်အကြာတွင် တိုက်ပွဲဖြစ်ပွားသဖြင့် ၎င်းတို့၏ မိသားစုဝင်များမှ အထူးစိုးရိမ်နေကြသည်ဟု သိရှိရသည်။ ၎င်းတို့နှစ်ဦးအား လမ်းပြအဖြစ် လိုက်ခြင်းမပြုလျှင် သတ်ပစ်မည်ဟုဆိုကာ ခေါ်ဆောင် သွားခဲ့ခြင်းဖြစ်သည်။

## ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် အောက်သားကန်ကျေးရွာသား ငါးဦး ပထမအကြိမ် မိသားစုနှင့်တွေ့ဆုံခွင့်ရ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အောက်သားကန်ကျေးရွာမှ ရွာသားငါးဦးဖြစ်သော ဦးစိန်ထွန်း၊ ဦးဘထွန်း၊ ဦးမောင်ဖြူချေ၊ ဦးလှသိန်းအောင်နှင့် ဦးကိုနိုင်တို့ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည်မှာ နှစ်လကြာပြီးနောက် မေလ ၃၀ ရက်နေ့တွင် စစ်တွေ အမှတ်(၁) ရဲစခန်း၌ ၎င်းတို့၏ မိသားစုဝင်များနှင့် ပထမအကြိမ်တွေ့ဆုံခွင့်ရရှိခဲ့သည်။ မတ်လ ၂၉ ရက်နေ့ကတည်းက ၎င်းတို့ငါးဦးကို ဖမ်းဆီးထိန်းသိမ်းသိမ်းထားခြင်းဖြစ်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ဈ) ဖြင့် စစ်တွေမြို့မ ရဲစခန်းတွင် အမှုဖွင့်ထားသည်။

## ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ငါးဦးကို တရားရုံးထုတ်စဉ် ရုန်းရင်းဆန်ခတ် ဖြစ်ပွား

မေလ ၂၉ ရက်နေ့တွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ငါးဦးကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေး စဉ် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ သံချပ်အဖွဲ့ဝင် ငါးဦးကို စစ်ဆေးရန် အင်းစိန်ထောင်မှ တရားရုံးသို့ ခေါ်ဆောင်လာပြီး စစ်ဆေးမှု မပြုလုပ်ခင် ၎င်းတို့၏ ရှေ့နေများနှင့် တွေ့ခွင့်တောင်းရာ တွေ့ခွင့်မရသည့်အတွက် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## ▶ လယ်ယာမြေအငြင်းပွားမှုများ

### ဆီဆိုင်မြို့တွင် သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒထုတ်ဖော်

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ခမရ ၄၂၃ နှင့် ခမရ ၄၂၄ တပ်ရင်းတို့မှ သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး အတွက် မေလ ၁ ရက်နေ့တွင် တောင်သူ ၃၀၀ ကျော်မှ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၁၉၉၁ ခုနှစ်ကတည်းက ထိုလယ်ယာမြေများကို သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပြီး တောင်သူများသည် သီးစားချ၍ လုပ်ကိုင်ခဲ့ကြရသည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် သီးစားချခ မပေးရဘဲ လုပ်ကိုင်ခွင့်ရရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိခြင်း မရှိသည့်အတွက် ဆန္ဒထုတ်ဖော် တောင်းဆိုရခြင်းဖြစ်သည်။

### သာစည်မြို့နယ်တွင် တောင်သူများ ထွန်တုံးတိုက်ပွဲပြုလုပ်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် သစ်တောဌာနမှ သိမ်းဆည်းထားသည့် ဆင်တောင် သစ်တောကြိုးဝိုင်းမြေ၌ ဧပြီလ ၃၀ ရက်နေ့၌ တောင်သူ ၃၇ ယောက်မှ ဝင်ရောက်ထွန်ယက်၍ ထွန်တုံးတိုက်ပွဲ ပြုလုပ်ခဲ့သည်။ ၁၉၇၈-၇၉ ခုနှစ်ခန့်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ မြစ်သားမြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် အတွင်းရှိ မြေယာများကို သိမ်းယူခဲ့ပြီး စိုက်ကွင်းများ တည်ထောင်ခဲ့သည်။ ထို့နောက် ပြည်သူ့စစ်ဖွဲ့စည်းခဲ့ပြီး လယ်ယာမြေများကို စောင့်ရှောက်ကာ ဝန်ထမ်းများဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြသည်။ နောက်ပိုင်းတွင် ဝန်ထမ်း အင်အားနှင့် စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် နီးစပ်ရာကျေးရွာမှ တောင်သူများကို သီးစားအခွန်အခပေးကာ စိုက်ပျိုးခိုင်းခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် သိမ်းဆည်းလယ်ယာမြေများ ပြန်လည် စွန့်လွှတ်ချိန်၌ ယခင်က တောခုတ်၍ လယ်ယာမြေ လုပ်ခဲ့သူများနှင့် စိုက်ပျိုးရေးဌာနမှ သီးစားချထားသူများသည် ထိုမြေများပေါ်တွင် လုပ်ကိုင်စားသောက်ပိုင်ခွင့် အပြိုင်အဆိုင် တောင်းဆို လာခဲ့သည်။

### သိမ်းဆည်းမြေယာများ ပြန်လည်ရရှိရေးအတွက် ကန့်ဘလူတောင်သူများ ဆန္ဒထုတ်ဖော်

သိမ်းဆည်းမြေယာများ ပြန်လည်ရရှိရေး အစိုးရမှ တာဝန်ယူ ဖြေရှင်းပေးရန်အတွက် မေလ ၆ ရက်နေ့တွင် ကန့်ဘလူ မြို့နယ်အတွင်းရှိ ဘူးကုန်းကျေးရွာနှင့် မြေမွန်ကျေးရွာတို့မှ ဒေသခံတောင်သူများမှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၁၉၈၀ ခုနှစ်တွင် မြန်မာ့ စိုက်ပျိုးရေးကော်ပိုရေးရှင်းမှ မြေဧက ၁၀၀၀ ကျော်ကို ပြောင်းစိုက်ပျိုးရေး အနှစ် ၃၀ စီမံကိန်းအတွက်ဟုဆိုကာ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

### စဉ့်ကူးမြို့နယ်ရှိ စွန့်လွှတ်မြေများ ပြန်လည် ရရှိရေးအတွက် တောင်သူများ တောင်းဆို

စွန့်လွှတ်မြေများ အပြည့်အဝ ပြန်လည်ရရှိရေးအတွက် မေလ ၁၅ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူး မြို့နယ် အတွင်းရှိ ပတ်လည်ကွင်း၊ မကွေ့တရာ၊ တရော်ပင်၊ ကျောက်ခွက်၊ ရေထွက်ကြီးကျေးရွာတို့မှ ဒေသခံတောင်သူ ၃၅၀ ကျော်မှ စဉ့်ကူးမြို့၌ ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဝန်ကြီးဌာနအသီးသီးမှ သိမ်းယူထားခဲ့သည့် လယ်ယာမြေများအနက် လယ်ယာမြေဧက ၄၅၅၃.၆၀ ဧကကို နိုင်ငံတော်အစိုးရမှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြန်လည် စွန့်လွှတ်ပေးခဲ့သော်လည်း စဉ့်ကူးမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ ယနေ့တိုင် မူလတောင်သူများထံ ပြန်လည် စွန့်လွှတ် ပေးအပ်ခြင်းမရှိသေးခြင်းကြောင့် ဆန္ဒထုတ်ဖော် တောင်းဆိုရခြင်းဖြစ်သည်ဟု ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ကိုစောမြင့်လွင်မှ ပြောကြားခဲ့သည်။

### တပ်မတော် နွားမွေးမြူရေး စီမံကိန်း ခြံစည်းရိုးခတ်မှု ဒေသခံများ ကန့်ကွက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လွန်ကောင်းကျေးရွာ အုပ်စုတွင် အမှတ် ၁၂၁ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းတို့မှ နို့စားနွား မွေးမြူရန် မြေဧက ၁၇၃ ဧကအား ခြံစည်းရိုးခတ်သိမ်းဆည်းခြင်းကို ကျေနပ်ခြင်းမရှိသဖြင့် ဒေသခံတောင်သူ တစ်ရာခန့်မှ မေလ ၂၄ ရက်နေ့တွင် ကန့်ကွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဧပြီလ ၂၉ ရက်နေ့တွင် အမှတ် ၁၂၁ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းတို့မှ ထိုလယ်ယာမြေ ၁၇၃ ဧက ကို နို့စားနွား မွေးမြူရေး စီမံကိန်း ဧရိယာ အဖြစ် နယ်နိမိတ်သတ်မှတ်ကာ အင်အား ၂၀၀ ကျော်ဖြင့် ခြံစည်းရိုးကာရံခဲ့ခြင်းကြောင့် ဒေသခံ တောင်သူများနှင့် တင်းမာမှုဖြစ်ကာ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။

ထိုလယ်ယာမြေများသည် ကျွဲနဖားကြိုးဝိုင်းအတွင်းမှ သစ်တော စွန့်လွှတ်မြေများဖြစ်ပြီး ဒေသခံတောင်သူများ လုပ်ကိုင် စားသောက်လာသည်မှာ နှစ်ပေါင်း ၇၀ ခန့်

ရှိကြောင်း၊ အဆိုပါမြေယာများ ပြန်လည်ရရှိစေရန်အတွက် ဒေသခံ တောင်သူများအနေဖြင့် သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြ တောင်းဆိုထားမှုများလည်း ရှိကြောင်း သိရှိရသည်။ အဆိုပါ မြေကို ၁၉၉၃ ခုနှစ်တွင် တပ်မ ၃၃ မှ သိမ်းဆည်းခဲ့ပြီး မူလ တောင်သူများကို တစ်ဧကထွက်ရှိ သီးနှံမှ သုံးပုံ တစ်ပုံကို ပေးသွင်းစေကာ သီးစား အငှားချထားခဲ့သည်။ ထို့နောက် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လတွင် အမှတ် ၉၅၁ ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်အတွက် တန် ၂၅၀၀ ဘိလပ်မြေ စက်ရုံ စီမံကိန်း လုပ်ဆောင်ရန်အတွက်ဟူသော ခေါင်းစဉ်ဖြင့် ဧက ၁၇၀၀ ကျော်ကို ထပ်မံ သိမ်းဆည်းခဲ့ခြင်းဖြစ်ကာ ယခု ထိုစီမံကိန်းအစား နို့စားနွား မွေးမြူရေး စီမံကိန်းအဖြစ် ခေါင်းစဉ် ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

## မန္တလေးလေဆိပ်တည်ဆောက်ခဲ့စဉ် သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးရရှိရေးနှင့် ပိုလျှံမြေများ ပြန်လည် ရရှိရေး သတင်းစာရှင်းလင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ခဲ့စဉ်တွင် သိမ်းဆည်းခဲ့သော လယ်ယာမြေများအတွက် လျော်ကြေးငွေရရှိရေးနှင့် စီမံကိန်းပိုလျှံမြေများ ပြန်လည်ရရှိရေးတို့အတွက် မေလ ၂၅ ရက်နေ့တွင် လယ်ယာမြေ သိမ်းဆည်းခြင်းခံခဲ့ရသည့် ရေခါးကျေးရွာ၊ ဘကျေးရွာ၊ ကန်ချောကျေးရွာ၊ သဲမောင်းကန် ကျေးရွာနှင့် ငါးဇင်းရိုင်းကျေးရွာတို့မှ တောင်သူများသည် ရေခါးကျေးရွာ၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ၁၉၉၃-၉၄ ခုနှစ်တွင် တောင်သူများ လုပ်ကိုင်စားသောက်လျက်ရှိသည့် လယ်ယာမြေဧက နှစ်သောင်းကျော်ကို တံတားဦး အပြည်ပြည် ဆိုင်ရာလေဆိပ် တည်ဆောက်ရန်ဟုဆိုကာ မြေယာလျော်ကြေးပေးအပ်ခြင်းမရှိဘဲ သိမ်းဆည်းခဲ့သည်။

## ဘားအံတွင် သိမ်းဆည်းခံလယ်မြေများ ပြန်လည် ရရှိရေးအတွက် ဆန္ဒထုတ်ဖော်

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ တောင်ကလေး အကျဉ်းဦးစီးဌာနမှ သိမ်းဆည်းထားသည့် လယ်မြေများ ပြန်လည်ရရှိရေးအတွက် မေလ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ၈၈ ကရင်မျိုးဆက် ကျောင်းသားများ လူမှုဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ လယ်သမားများ စီတန်းလှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက တောင်ကလေးအကျဉ်းဦးစီးဌာနမှ လယ်သမား ၁၅ ဦး၏ လယ်မြေ ၅၂ ဧကကို သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းထားများသည့် လယ်မြေများကို မူလ လယ်ပိုင်ရှင်များ၏ အမည်နှင့် ပုံစံ ၇ လုပ်ပိုင်ခွင့် စာအုပ် တရားဝင်ထုတ်ပေးပြီးမှ ပြန်လည်သိမ်းဆည်းခဲ့သည်။ မြေခွန်ပြေစာများသည် မူလပိုင်ရှင်များ၏အမည်ဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ထွက်ရှိခဲ့သည်။

## စစ်တပ်မှ ပိတ်ဆို့ဖျက်ဆီးထားသည့် တောင်ယာသွားလမ်းကို တောင်သူများ ပြန်လည်ပြုပြင်

ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ခြောက်မိုင်စံပြကျေးရွာအုပ်စု၊ ဒေါဆိုရှေ့ကျေးရွာရှိ တောင်သူများ သွားသည့် တောင်ယာလမ်းများကို အမတ ၃၆၀ တပ်ရင်းမှ မြောင်းတူး၍ ပိတ်ဆို့ဖျက်စီးထားသည့်အတွက် မေလ ၃၀ ရက်နေ့တွင် ဒေသခံများမှ ပြန်လည် ပြုပြင်ခဲ့သည်။ စိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် တောင်သူများမှ တောင်ယာသွား၍ စိုက်ပျိုးရန် လိုအပ်ခြင်းကြောင့် ပြန်လည် ပြုပြင်ခဲ့ခြင်းဖြစ်သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

**တပ်မတော်နှင့် မြေယာအငြင်းပွားမှုဖြစ်နေသည့် တောင်သူ အမျိုးသမီး နှစ်ဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီး**

၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ The Voice/မြန်မာ

**ကျောက်တော်မြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးကို ဖမ်းဆီး**

၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ

**ဝေသာလီကျေးရွာအနီး တိုက်ပွဲဖြစ်ပွားပြီးနောက် အရပ်သား နှစ်ဦး ဖမ်းဆီးခြင်းခံရ**

၂၀၁၉ ခုနှစ်၊ မေလ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ၂၄ ရက်၊ ဧရာဝတီ/မြန်မာ

**မင်းသားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားတစ်တို့ကို စစ်တပ်မှ ဖမ်းဆီး ခေါ်ဆောင်ထား**

၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ ဧရာဝတီ

## ပျောက်ဆုံးသွားခြင်းများ

**ကျောက်တော် စပါးဆိပ်(သရီ)မှ ရွာသား တစ်ဦး ပျောက်ဆုံး**

၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ ကျောက်တော်သတင်းစုံ/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

**စစ်တွေအခြေစိုက် DMG သတင်းဌာနကို အမှုဖွင့်**

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**လက္ကာကျေးရွာသား ၂၄ ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ဖြင့်အမှုဖွင့်**

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ BNI

**ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့ဝင် ခုနစ်ဦးကို ထပ်မံတရားစွဲဆို**

၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ Myanmar Now/မြန်မာ

**တပ်မတော်မှ ဖွဲ့အငြိမ့်အဖွဲ့ဝင်ငါးဦးကို တရားစွဲဆို**

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ လွတ်လက်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ

**မြေသိမ်းတရားစွဲဆိုခံရမှု နိုင်ငံတော် အတိုင်ပင်ခံထံ တိုင်ကြားသူကို ထပ်မံ တရားစွဲဆို**

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ Myanmar Now

**သတင်းထောက်တစ်ဦးအပါအဝင် အောင်သပြေရွာသား ၁၄ ဦးကို အမှုဖွင့်**

၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်၊ မြန်မာတိုင်း
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ မြန်မာတိုင်း

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ CPJ
၂၀၁၉ ခုနှစ်၊ မေလ ၂၅ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ

**နာဂလက်နက်ကိုင် ခြောက်ဦးကို မတရားအသင်းအက်ဥပဒေဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ

**ကရင်နီလူငယ်ခြောက်ယောက်ကို ပုဒ်မ ၁၀ ဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်၊ BNI

**၈၈ မျိုးဆက် ငြိမ်းပွင့်မှ မနီလာသိန်းအပါအဝင် တက်ကြွလှုပ်ရှားသူ ငါးဦးကို အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဧရာဝတီ

**မလှိုင် သစ်တောကြိုးဝိုင်း ထင်းစိုက်ခင်းအတွင်း ထွန်ယက်ခဲ့သည့် တောင်သူများကို အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ

**ဆရာတော် ဦးသောဘိတကို နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် တပ်မတော်မှ ထပ်မံ ဦးတိုက်လျှောက်**
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ ဧရာဝတီ

**ရှမ်းလက်နက်ကိုင် နှစ်ဖွဲ့အတွက် ငွေကြေးကောက်ခံပေးသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဖမ်းဆီး၊အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ

တပ်မတော်မှ Channel Mandalay TV သတင်းထောက်နှင့် တောင်သူ ခုနစ်ဦးကို အမှုဖွင့်

၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ Myanmar Now/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ Myanmar Now/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ The Voice/မြန်မာ

တပ်မတော်ကို ဝေဖန်သည့် ဆရာတော်တစ်ပါးကို တရားစွဲဆို

၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ Myanmar Now/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ The Voice/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ

### ► တရားရင်ဆိုင်ရခြင်းများ

တက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင် တရားခွင်ကို သပိတ်မှောက်

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ The Voice/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ The Voice/မြန်မာ

တပ်ပိုင်မြေကျူးကျော်မှုဖြင့် တရားစွဲခြင်းခံထားရသည့် ထွန်းဇရာရွာသား ၂၃ ဦးကို ရုံးထုတ်

၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများကို ရုံးထုတ်

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၂၅ ရက်၊ မဇ္ဈိမ

### ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

ဖုယွင်အလုပ်သမားပိတ်ကူညီသူများကို အမိန့်ချမှတ်

၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ

### ► ထောင်တွင်းအခြေအနေများ

"လွတ်ငြိမ်းချမ်းသာခွင့် တန်းတူ ရရှိရေး" အတွက် ထောင်ခြောက်ထောင်တွင် ဆူပူမှုဖြစ်ပွား

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်၊ Frontier Myanmar
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ ဧရာဝတီ

**ထောင်တွင်းမှ တရားရင်ဆိုင်နေရသော ဒါရိုက်တာမင်းထင်ကိုကိုကြီး ကျန်းမာရေးမကောင်း**
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ 7 Day Daily/မြန်မာ

## ▶ ထောင်မှ လွတ်မြောက်မှုများ

**လွတ်ငြိမ်းချမ်းသာခွင့်တွင် ရိုက်တာသတင်းထောက် နှစ်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၀ ဦးပါဝင်**
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ Frontier Myanmar
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ Reuters
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ AP News

**လေးလကျော်ကြာ ရုံးတင်စစ်ဆေးခြင်းခံရပြီးနောက် ဘူးသီးတောင်ဒေသခံနှစ်ဦးကို ပြန်လည် လွှတ်ပေး**
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်၊ BNI

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများ နှင့် ဆန္ဒထုတ်ဖော်မှုများ

**ကျောက်တန်းရွာ စစ်ဆေးမှုဖြစ်စဉ် ပြီးဆုံး၊ အပြစ်မရှိဟု စစ်ဆေးပြီးသူများကို ပြန်လည်လွှတ်ပေး**
၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနျစ်၊ မေလ ၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ NMG News
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ဧရာဝတီ

**အပစ်ရပ်ကာလ နှစ်လ ထပ်တိုးပေးလိုက်ပြီဖြစ်ကြောင်း တပ်မတော်ထုတ်ပြန်**
၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ မဇ္ဈိမ

**ထားဝယ်ခရိုင်တရားရုံးမှ တနင်္သာရီဂျာနယ် အမှုအယူခံကို ပယ်ချ**
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်၊ The Voice/မြန်မာ

**စေတီတောင် ဒေသခံတစ်ဦး ပစ်ခတ်ခံရ**
၂၀၁၉ ခုနှစ်၊ မေလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**တိမ်ညိုရွာအနီးတွင် တိုက်ပွဲဖြစ်၍ ကလေးတစ်ဦး ဒဏ်ရာရ**
၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ကျောက်တော်တွင် ပစ်ခတ်မှုများ ဖြစ်ပွား၍ တစ်ဦး သေဆုံး၍ ကူးတို့သမား တစ်ဦး ကျည်ဆန်ထိမှန်**
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ ဧရာဝတီ

မတူပီမြို့တွင်ဖြစ်ပွားခဲ့သည့် တပ်မတော်သားများမှ လျှပ်စစ်ဝန်ထမ်းတစ်ဦးကို ရိုက်နက်မှု ကြေအေး
၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ မိုးနဲမြို့နယ်မှ ရွာသား ၁၃ ဦးကို ဖမ်းဆီးခေါ်ဆောင်
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်၊ 7 Day Daily/မြန်မာ

တပ်မတော်မှ အဓမ္မစေခိုင်းမှုများရှိသည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ Progressive Voice
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ရှမ်းလက်နက်ကိုင်နှစ်ဖွဲ့မှ အပစ်အခတ်ရပ်စဲကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်၊ ဧရာဝတီ

ဖုံးသီးပေါက်ကွဲခြင်း၊ လက်နက်ကျည် ထိမှန်ခြင်းတို့ကြောင့် ဘူးသီးတောင်နှင့် ကျောက်တော်မြို့နယ်တို့မှ ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

မြောက်ဦးတွင် ပညာရေးဝန်ထမ်းတစ်ဦး လက်နက်ကြီး ကျည်စထိမှန်
၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ

စစ်တွေတွင် အသံတိတ်လမ်းလျှောက်၍ တိုက်ပွဲများ ရပ်တန့်ရန် ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ မေလ ၁၉ ရက်၊ Myanmar Now/မြန်မာ

ကျောက်တော်မြို့နယ်တွင် ပစ်ခတ်မှုဖြစ်ပွား၍ အရပ်သားတစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ဧရာဝတီ

ငါးရှာနေသည့် နဂရာကျေးရွာမှ ရခိုင်ရွာသားများအား မတရားဖမ်းဆီး၊ ရိုက်နက်

၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်၊ ကျောက်တော်သတင်းစုံ/မြန်မာ

မိုင်းနင်းမိ၍ ငှက်ပျော်ချောင်း ကျေးရွာသား နှစ်ဦး ထိခိုက်ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဧရာဝတီ

ဒေါက်တာအေးမောင်၏ အယူခံကို ပြည်နယ်တရားလွှတ်တော် ပလပ်
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ

**ရဲဘက်စခန်းမှ အကျဉ်းသားများ၏ လုပ်အားခတိုးပေးရန် အစီအစဉ်မရှိ**

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ

**AA မှ ချင်းအမျိုးသား ငါးဦးကို ဖမ်းဆီး ခေါ်ဆောင်**

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ BNI

**အလယ်ကျွန်းရွာတွင် လက်နက်ကြီးကျ၍ သားအဖ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ

**မြေမြှုပ်မိုင်းပေါက်ကွဲ၍ အရပ်သား တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ BNI

**မိုင်းပေါက်ကွဲ၍ ကျောင်းတူရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ

**သတ်ဖြတ်ခြင်းခံခဲ့ရသည့် လီဆူတိုင်းရင်းသား သုံးဦးအတွက် KIA မှ နစ်နာကြေးပေး**

၂၀၁၉ ခုနှစ်၊ မေလ ၂၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ မြန်မာတိုင်းမ်

**ကျောက်တော်ဒေသခံတစ်ဦး နှိပ်စက်ဒဏ်ရာများဖြင့် သေဆုံး**

၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ ရန်ကုန်ခေတ်သတ်သတင်းဌာန/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ ဧရာဝတီ

**လက်နက်ကြီးကျရောက် ပေါက်ကွဲသောကြောင့် အရပ်သား နှစ်ဦး ဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်၊ BNI

**ကျောက်တော်မြို့နယ်၊ ညောင်ချောင်းကျေးရွာသားနှစ်ဦးကို တပ်မတော်မှ လမ်းပြအဖြစ် ခေါ်ဆောင်**

၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်၊ ကျောက်တော်သတင်းစုံ/မြန်မာ

**ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် အောက်သားကန်ကျေးရွာသား ငါးဦး ပထမအကြိမ် မိသားစုနှင့်တွေ့ဆုံခွင့်ရ**

၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်၊ BNI/မြန်မာ

ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ငါးဦးကို တရားရုံးထုတ်စဉ် ရုန်းရင်းဆန်ခတ် ဖြစ်ပွား
၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ

## ► လယ်ယာမြေအငြင်းပွားမှုများ

ဆီဆိုင်မြို့တွင် သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

သာစည်မြို့နယ်တွင် တောင်သူများ ထွန်တုံးတိုက်ပွဲပြုလုပ်
၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

သိမ်းဆည်းမြေယာများ ပြန်လည်ရရှိရေးအတွက် ကန့်ဘလူတောင်သူများ ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ

စဥ့်ကူးမြို့နယ်ရှိ စွန့်လွှတ်မြေများ ပြန်လည် ရရှိရေးအတွက် တောင်သူများ တောင်းဆို
၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ

တပ်မတော် နွားမွေးမြူရေး စီမံကိန်း ခြံစည်းရိုးခတ်မှု ဒေသခံများ ကန့်ကွက်
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်၊ Myanmar Now/မြန်မာ

မန္တလေးလေဆိပ်တည်ဆောက်ခဲ့စဉ် သိမ်းဆည်းခံမြေယာများအတွက် လျော်ကြေးရရှိရေးနှင့် ပိုလျှံမြေများ ပြန်လည် ရရှိရေး သတင်းစာရှင်းလင်း
၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

ဘားအံတွင် သိမ်းဆည်းခံလယ်မြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ

စစ်တပ်မှ ပိတ်ဆို့ဖျက်ဆီးထားသည့် တောင်ယာသွားလမ်းကို တောင်သူများ ပြန်လည်ပြုပြင်
၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်၊ BNI/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈